# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၆)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၂၇-၈-၂၀၂၄၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်(မန္တလေး)အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိ မဟာမဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(မန္တလေး)အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ သို့ ✪

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၆**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မိုး/ဧလ**

## ယနေ့ ဖတ်စရာအညွှန်း


အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (၁၉)ကြိမ် ဖွင့်လှစ်ပေးထား

စာမျက်နှာ ၁၂

မြန်မာ့မြေယာကို အလှဝေဆာစေရမည်(ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## စိတ်ကောင်းထားက မိတ်ကောင်းရ

လူ့ဘောင်လောကတွင် မျက်စိဖြင့်မြင်ရသော အလှတရားများ ရှိသကဲ့သို့ မျက်စိဖြင့် မမြင်နိုင်သောအလှတရားများလည်းရှိပေသည်။ သဘာဝရှုခင်းဆိုင်ရာ အလှအပများ၊ ရုပ်ဝတ္ထုဆိုင်ရာအလှအပအများ စုသည် မျက်စိဖြင့်မြင်နိုင်သော အလှတရားများဖြစ်ပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာဟူသော ဗြဟ္မစိုရ်တရားများသည် လူသားတို့တွင် ကိန်းအောင်းနေသည့် မျက်စိဖြင့် မမြင်နိုင်သော အလှတရားများပင်ဖြစ်ပါသည်။ လောကတွင်မြင်တွေ့နေရသည့် စိန်၊ ရွှေ၊ ငွေ ရတနာဥစ္စာပစ္စည်းများထက် တန်ဖိုးအရှိဆုံးနှင့် အလှပဆုံးသော ရတနာဥစ္စာသည် လူသားတို့၏ စိတ်အလှပင်ဖြစ်ပါသည်။

စိတ်သည် အရာရာကိုစေခိုင်းဖန်တီးနိုင်သည့် တန်ခိုးရှင်ဖြစ်သည်။ ထို့ကြောင့် လူသားတိုင်း၏ စိတ်ကောင်း၊ စိတ်ယုတ်ပေါ်မူတည်ကာ တိုးတက်ခြင်း၊ ကြီးပွားခြင်းတို့ဖြစ်ပေါ်နိုင်ပေသည်။ စိတ်အလှဆိုသည်မှာ လူသားတို့၏ စိတ်ကောင်းစေတနာကောင်းအလှပင်ဖြစ်သည်။ စိတ်ကောင်းစေတနာကောင်းရှိသူများသည် ကိုယ်ချင်းစာစိတ်ကို လက်ကိုင်ထားကြသူများဖြစ်သည်။ သူတစ်ပါး၏ ကောင်းကျိုးကို အမြဲလိုလားနှစ်သက်၍ မိမိထက် တိုးတက်အောင်မြင်ခြင်းကိုလည်း ဝမ်းမြောက်ဝမ်းသာစိတ်နှင့်အတူ မုဒိတာပွားကြသည်။ မိမိထက်နိမ့်ကျသောသူ ဆိုသွမ်းသောသူများကိုပင် ချစ်ခြင်း၊ မုန်းခြင်း ကင်းစွာဖြင့် စာနာသနားစိတ်နှင့်အတူ ခွင့်လွှတ်တတ်သူများဖြစ်သည်။ ကိုယ်ချင်းစာတရားရှိသူသည် ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ကျင့်ကြံနေထိုင်တတ်သည့် စိတ်ကောင်းရှိသူများပင်ဖြစ်သည်။ "စိတ်ကောင်းထားက မိတ်ကောင်းရ" ဟူသော အဆိုလည်းရှိပါသည်။

လောကဝ္ဍရှိသော အလှတရားကို ဖျက်ဆီးသည့်အရာများသည် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားများပင်ဖြစ်၍ ထိုစိတ်ဆိုး စိတ်မိုက်များကြောင့် သာယာလှပမှုများနှင့် ကင်းဝေးစေမည်ဖြစ်သည်။ မကောင်းစိတ်ရှိသူသည် အတ္တဟူသော မိမိအကျိုးကိုသာကြည့်တတ်သူဖြစ်၍ လူ့ဘောင်လောကတွင် အပေါင်းအသင်းမရှိ အထီးကျန်စွာနေရလိမ့်မည်ဖြစ်သည်။ "သံကို သံဖျက်၊ သံချေးတက်" ဆိုသကဲ့သို့ မကောင်းသောစိတ်များသောသူသည် ထိုမကောင်းစိတ်များကြောင့်ပင် လူအများ၏ ရှောင်ဖယ်ခြင်းကို ခံရနိုင်ပေသည်။ စိတ်ကောင်းရှိသူသည် အကောင်းအဆိုး၊ အမှားအမှန်ကို ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားဆင်ခြင်သုံးသပ်၍ အတ္တဟူသော မိမိအကျိုးထက် ပရဟူသော အများအကျိုးကို သယ်ပိုးထမ်းရွက်သူများဖြစ်သည်။

လောကတွင် စိတ်ကောင်းရှိသူများသည် ကောင်းကျိုးချမ်းသာများစွာရရှိ၍ စိတ်ကောင်းမရှိသူများသည် ဘေးဒုက္ခဆိုးများနှင့်သာရင်ဆိုင်ကြုံတွေ့ရပေသည်။ ငါးရာ့ငါးဆယ့်ဇာတ်တော်လာ "သေရိဝဝါဏိဇ" ဇာတ်တော်သည် စိတ်ကောင်းထားသူနှင့် စိတ်ကောင်းမထားသူတို့၏ မတူညီသောရလဒ်ကို ဖော်ပြနေသည့် ဇာတ်တော်ဖြစ်သည်။ စိတ်ထားမကောင်းသည့် ရွှဲကုန်သည်သည် ဆင်းရဲသည့်အဘွားအိုထံမှ အညိုတက်နေသောခွက်အား ရွှေခွက်ဟု တန်း၍သိနေသော်လည်း အလိုကြီးစွာဖြင့် ပဲဝက်မျှမတန်ဟုဆိုကာ အနည်းငယ်မျှသော ရွှဲတို့ကိုမပေးဘဲ ထွက်သွားသည်။ စိတ်ထားကောင်းသည့် ရွှဲကုန်သည်သည် အဘွားအိုအား အဖိုးတန်သော ရွှေခွက်ဖြစ်ကြောင်း ရိုးသေစွာဖြေဆိုခဲ့သည်။ မိမိပါလာသောအသပြာငွေနှင့် ရွှဲတန်ဆာတို့ဖြင့် လဲလှယ်ခဲ့သည်။ စိတ်ထားကောင်းသူ၏ အကျိုးပေးရလဒ်ဖြစ်ပါသည်။

သို့ဖြစ်ရာ စိတ်ကောင်းထားက မိတ်ကောင်းရ ဆိုသကဲ့သို့ စိတ်ထားကောင်းသူသည် လူ့ဘောင်လောကအလယ်တွင် မိတ်ဆွေကောင်းများစွာရရှိ၍ အများ၏လေးစားချစ်ခင်ခြင်းကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရေး လူငယ်ရေးရာအသိပညာပေး ဟောပြော



**မန္တလေး ဩဂုတ် ၂၆**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အမှတ်(၃၄)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါ ကျောင်းရှိ နန်းကေသီခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် အမှတ်(၃၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းညိုက "တိုင်းရင်းသားနှင့်နိုင်ငံသား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က "ခေါင်းဆောင်မှုပုံသဏ္ဌာန်နှင့် လူမှုဆက်ဆံရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်စည်းကမ်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(ချမ်းမြေ့)

၀-၀-၀-၀-၀

## စဉ့်ကိုင်မြို့နယ်တွင် အခမ်းအနားမှူး သင်တန်းဖွင့်ပွဲ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပညာရေးဌာနမှ ဆရာမများ မိမိတို့သက်ဆိုင်ရာ ကျောင်းတွင် ဟောပြောပွဲ၊ အစည်းအဝေး၊ ဆွေးနွေးပွဲ စသည့် အခမ်းအနားများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးကိုကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်/သံ ကျွမ်းကျင်-၃ သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးသီက သင်တန်းသူများအား အခမ်းအနားမှူးကောင်းတစ်ယောက်၏ တာဝန်ယူဆောင်ရွက်ရမည့်အချက်များ၊ အခမ်းအနားမှူးကောင်းတစ်ယောက်၏ အရည်အချင်း၊ ဝတ်စားဆင်ယင်မှု စသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ (၃)ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
(၃၆၆)





## မြနန်းစံကျော်ရွှေနန်းတော်မှ နန်းမြင့်မျှော်စင်ကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်မှ နန်းမြင့်မျှော်စင်တွင် အတက်အဆင်းလှေကားများ၊ ဆေးသုတ်ခြင်းနှင့် ကြံ့ခိုင်မှုရှိစေရန် စသည့် ပြုပြင်ထိန်းသိမ်းမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။

"ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေ နန်းတော်ကို လာရောက်လေ့လာတဲ့အခါ လူတိုင်းလိုလို နန်းမြင့်မျှော်စင်ပေါ်တက်လေ့ရှိတယ်၊ အပေါ်ကနေ မန္တလေးတောင်နဲ့ မန္တလေးမြို့တွင်းက ရှုခင်းတွေကြည့်ကြတာပေါ့။ နန်းတော်ကြီးကိုလည်း အပေါ်စီးကနေ လေ့လာလို့ရတယ်" ဟု ၎င်းက ပြောသည်။

နန်းမြင့်မျှော်စင်တွင် လှေကားထစ်ပေါင်း ၁၂၁ဆင့်ရှိ၍ ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် တက်ရောက်လေ့လာသူများ အန္တရာယ်ကင်းစေရန်နှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့စေမည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်သည်။

"ရှေးတုန်းက နန်းမြင့်မျှော်စင်ပေါ်ကနေ ဘုရားမီးပူဇော်တာတွေကို အပေါ်ကနေ ကြည့်ညိုနိုင်သလို နန်းတော်လုံခြုံရေးအတွက်လည်း သုံးတယ်လို့ ယူဆလို့ရတယ်၊ မြနန်းစံကျော်မှာ နန်းဆောင်ပေါင်း ၈၉ဆောင်ရှိရာ အမြင့်ဆုံးက မြေနန်းပြာသာဒ်ဖြစ်ပြီး ဒုတိယက နန်းမြင့်မျှော်စင်ပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ နန်းမြင့်မျှော်စင်တည်ဆောက်မှုကိုကြည့်လျှင် လက်ရာမှာ ရှေးခေတ် ဥရောပလက်ရာနှင့် မြန်မာ့အနုပညာလက်ရာ နှစ်ခုပေါင်းစပ်ထားခြင်းဖြစ်သော်လည်း မြန်မာလက်မှုပညာရှင်များက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
(မန္တလေးနေ့စဉ်-၁၀)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်(မန္တလေး)အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ လက်ဝဲအထက် စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအားကြည့်ရှုကာ စေတီတော်မြတ်ကြီး အမြဲသန့်ရှင်းသာယာပြီး ကြည်ညိုဖွယ် ဖြစ်နေစေရေးအတွက် ဆောင်ရွက်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသကို ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးထံ အားဖြည့်ငှက်သိုက်၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားစဉ်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော် (မန္တလေး) တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ လက်ဝဲအထက် စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုစဉ်။



## ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ဓဝံ)**

ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၉မိနစ်နှင့် ၄၆မိနစ်တွင် ဝီလီယံ၊ ပွဲချိန် ၄၈မိနစ်တွင် အောင်နိုင်ဝင်း၊ ပွဲချိန် ၆၆မိနစ်တွင် ဆအောင်ပြည့်ကိုတို့က အသီးသီးသွင်းယူပေးခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၂၂မိနစ်တွင် သက်ထွန်းအောင်က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့သော ဝီလီယံသည် AYA Pay Man Of the Match ဆုကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)ပွဲ ကစားအပြီးတွင် ရမှတ် ၂၂မှတ်ဖြင့် အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့သည်။

**(NGB)**

၀-၀-၀-၀-၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ စစ်ဆေး၊ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများ သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိမှု၊ EAO အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်နေမှု အခြေအနေများနှင့် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်နေမှု အခြေအနေများ၊ အများပြည်သူ သွားလာလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများ၊ မီးရထားလမ်းများနှင့် ဆက်သွယ်ရေးတာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု အခြေအနေများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နေရန် လိုကြောင်း၊ ပြည်သူ့စစ်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံ တည်ငြိမ်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် လိုကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်သည့်သတင်းများ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန်လိုအပ်မှုနှင့် အခြား နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးနန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည်လည်း ဆေးရုံအမျိုးသမီးကုသဆောင်၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်များ၏မိသားစုဝင်များအားလိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၂၄ မှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးပညာရေး ဒီဂရီကောလိပ်ရှိ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### ပညာရည်မြင့်မားရေး အလေးပေးဆောင်ရွက်လျက်ရှိ

ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည် ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာတတ်လူသား အရင်းအမြစ်များဖြင့် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားချိန်နှင့် နိုင်ငံရေး အခက်အခဲ၊ အကျပ်အတည်းများကြား၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေသူများအားလုံး အတန်းပညာများ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ ပညာတတ်သကဲ့သို့ စာဖတ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် ပညာသင်ကြားခြင်းမပြုနိုင်တော့သည့် အရွယ်သို့ရောက်ရှိနေသူများအနေဖြင့် အသိပညာများ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်မည် ဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးငယ်များ၏ စာဖတ်ခြင်းအလေ့အကျင့်ကောင်းနှင့် စာဖတ်စွမ်းအားများ တိုးတက်လာပြီး ဗဟုသုတအသိအမြင်များ ပိုမိုသိရှိလာမည်ဖြစ်ကြောင်း။

### သင်တန်းကာလအတွင်း စနစ်တကျသင်ယူ၍ မိမိတို့ တာဝန်ထမ်းဆောင်ရာဒေသ များ၌ ပညာရည်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်လို

ယခုကောလိပ်တွင် နိုင်ငံတစ်ဝန်းနယ်ပေါင်းစုံမှလာရောက် သင်တန်းတက်ကြခြင်းဖြစ်သဖြင့် မိမိတို့ဒေသအလိုက် ပညာရည်မြှင့်တင်ရေး မည်သို့ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်မည်ဆိုသည်ကို စဉ်းစားတွေးတော၍ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ နိုင်ငံကောင်းမွန်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နယ်မြေအလိုက် ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖတ်ရှုမှတ်သားခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည် ဆိုပါက လေးနှစ်တာ ကာလအတွင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လေးနှစ်တာကာလအတွင်း လေ့ကျင့်ရေးများကို စနစ်တကျ လိုက်ပါဆောင်ရွက်ပြီး အဆိုပါလေ့ကျင့်ခန်းများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည် အသုံးချရန်လိုကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခြင်းများ၊ စည်းကမ်းနှင့်အညီ နေထိုင်သွားလာခြင်းများကို မိမိတို့သင်ကြားပေးရမည့် ကျောင်းသားကျောင်းသူများအား ထပ်ဆင့်သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်ယူခြင်းများ ဆောင်ရွက်ချိန်တွင် စနစ်တကျသင်ယူသွားမည်ဆိုပါက သင်ကြားရေးကို အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စာဖတ်မပျင်းရန်လိုပြီး ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများ ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသား ဒေသများတွင် အတန်းပညာ သင်ကြားရန်အတွက် ဘာသာစကား အခက်အခဲများ ရှိနိုင်ကြောင်း၊ ယခုပညာရေး ဒီဂရီကောလိပ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်သည့် နေရာဒေသများသို့ ရောက်ရှိပါက ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်မှုရှိစေရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာနိုင်မည်ဖြစ်ကြောင်း။

သင်တန်းပြီးဆုံး၍ တာဝန်ထမ်းဆောင်ရာတွင်လည်း စာပေဖတ်မှတ် လေ့လာခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ကို လေ့လာခြင်းနှင့် ပတ်သက်၍လည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ကျေးရွာနှင့် မြို့များအလိုက် အတွေ့အကြုံများ၊ အသိအမြင်များ အနည်းနှင့်အများ ကွာခြားနိုင်မည်ဖြစ်ပြီး မိမိတို့ကြုံတွေ့ရသည့် လူနေမှုစနစ်များနှင့်အညီ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကို ပြုပြင်ပေးနိုင်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန် ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပညာဆိုသည်မှာ စာပေသင်ကြားခြင်းသာမက အသိပညာ၊ အတတ်ပညာများလည်း ပါဝင်ကြောင်း၊ လေးနှစ်ကာလအတွင်း စနစ်တကျသင်ယူသွားမည်ဆိုပါက မီးအလင်းရောင်နှင့်တူသည့် ပညာများကို ရရှိမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံများ၊ ပညာများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **နိုင်ငံတော်ကို ခိုင်မာသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း**၊ ယခင်က မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်ရယူ၍ အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့် ပုံဖော်တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် **ယခုကောလိပ်မှ သင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ် တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ ဘဝတစ်လျှောက် အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို**ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မန္တလေး ပညာရေးဒီဂရီကောလိပ် စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ်သိန်း၊ သုတ ရသ စာအုပ်စာစောင်များ၊ သင်ထောက်ကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ နိုင်ငံတော်ကို ခိုင်မာသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်

❖ ယခုကောလိပ်မှ သင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ ဘဝတစ်လျှောက် အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို



## ရွှေပြည်သာယူနိုက်တက်ကို အနိုင်ယူကာ အဆင့် ၂ တွင် ဆက်လက်ရပ်တည်ခဲ့သည့် ရာမညယူနိုက်တက်

Myanmar National League II 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ(Week-5)ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ညနေက စလင်းကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး ရာမညယူနိုက်တက်အသင်းက ၃-၀ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရာမညယူနိုက်တက်အသင်းအတွက် ဂိုးများကို ပွဲချိန် ၅၉ မိနစ်တွင် သူရဆန်၊ ပွဲချိန် ၆၃ မိနစ်တွင် ချမ်းဦး(ပင်နယ်တီ)နှင့် ၆၅ မိနစ်တွင် ဘုန်းခန့်အောင်တို့က သွင်းပေးခဲ့ကြသည်။ ယနေ့ပွဲတွင် အနိုင်ရခဲ့သည့် ရာမညယူနိုက်တက်အသင်းသည် ရမှတ် ၁၁ မှတ်ရရှိခဲ့ပြီး အဆင့် ၂ နေရာတွင် ဆက်လက်ရပ်တည်ခဲ့သည်။

(NGB)

၀-၀-၀-၀-၀

၀-၀-၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေး ကွင်းအမှတ်(၁)တို့၌ ကျင်းပသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲကို ကြည့်ရှုအားပေးကြစဉ်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး) မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးရာ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် သီရိလင်းလင်း (စစ်ကိုင်း) က ၁၃ ဒသမ ၃၄ စက္ကန့်ဖြင့် ပထမ၊ အေးစန္ဒာဝင်း (မကွေး) က ၁၃ ဒသမ ၄၇ စက္ကန့်ဖြင့် ဒုတိယ၊ ရွှေခရေဦး(ကရင်)က ၁၃ ဒသမ ၄၉ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် စောလဲပွဲခူ(ဧရာဝတီ) က ၁၁ ဒသမ ၂၄ စက္ကန့်ဖြင့် ပထမ၊ အောင်မျိုးဇော် (ပဲခူး)က ၁၁ ဒသမ ၂၆ စက္ကန့်ဖြင့် ဒုတိယ၊ ဇေယျာဖြိုး (စစ်ကိုင်း)က ၁၁ ဒသမ ၂၈ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေး ပြိုင်ပွဲတွင် ကျော်ဇင်ထွန်း(စစ်ကိုင်း)က ၆ မိနစ် ၄၄ ဒသမ ၉၆ စက္ကန့်ဖြင့် ပထမ၊ အောင်မြင့်မြတ်(ရှမ်း)က ၆ မိနစ် ၄၆ ဒသမ ၅၁ စက္ကန့်ဖြင့် ဒုတိယ၊ ဟိန်းသူရအောင် (တနင်္သာရီ) က ၆ မိနစ် ၅၄ ဒသမ ၅၄ စက္ကန့်ဖြင့် တတိယတို့ ရရှိခဲ့သည်။

### ဆုများပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်း၊ ဦးမင်းသိန်း၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးထွန်းအုံနှင့် ဦးအောင်ကျော်ဟိုး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများ ဖြစ်သည့် အမျိုးသမီး (လှံတံပစ်၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ သုံးဆင့်ခုန်၊ မီတာ ၁၅၀၀)ပြိုင်ပွဲများနှင့် အမျိုးသား (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ လှံတံပစ်၊ မီတာ ၁၅၀၀) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊တတိယ ဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေး ပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ် ပြည့်ဖြိုးထွန်း (ရန်ကုန်)၏ စံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၄၇ မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့် စံချိန်သစ် တင်နိုင်ခဲ့သည့် နိုင်လင်းထွန်း (ရှမ်း) ကိုလည်းကောင်း၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ၂၀၁၉ ခုနှစ် မူကိုဖော (ကယား)၏ စံချိန် ၃၅ ဒသမ ၀၈ မီတာထက် ကျော်လွန်၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့် စံချိန်သစ် တင်နိုင်ခဲ့သည့် နန်းအွမ်ဆိုင်ခမ်း (ရှမ်း)နှင့် အမျိုးသမီး မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ၂၀၂၃ ခုနှစ် ဇာဇာထွန်း(မန္တလေး) ၏ စံချိန် ၈ မိနစ် ၁၂ ဒသမ ၄၄ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၇ မိနစ် ၅၄ ဒသမ ၉၉ စက္ကန့်ဖြင့် စံချိန်သစ် တင်နိုင်ခဲ့သည့် ခိုင်ဖူးဝေ (ရှမ်း)တို့ကို တစ်ဦးချင်း ဆုတံဆိပ် နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် ရှမ်းပြည်နယ်အသင်းကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့်စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းကိုလည်းကောင်း တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများက အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ပြေးခုန်ပစ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁) တို့တွင် ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီး အသင်း ၁၅ သင်း စုစုပေါင်းအင်အား ၄၅၂ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရမည်းသင်းမြို့နယ်၌ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရမည်းသင်း ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ရမည်းမြို့နယ် ဦးစီးဌာနမှူးရုံးမှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရမည်းသင်းမြို့နယ် မြင်းနားကျေးရွာအုပ်စု ရွှေနန်းပေါ်ကျေးရွာ ရွှေမြင်တင်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရမည်းသင်းမြို့နယ် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး ဦးသိန်းထိုက်က လူဦးရေစာရင်းတိကျမှန်ကန်ရေး ပြည်သူအားလုံးပါဝင်ကြစေလိုကြောင်း၊ သန်းခေါင်စာရင်းကောက်ရသည့်ရည်ရွယ်ချက်များနှင့် သန်းခေါင်စာရင်းကောက်ယူဆောင်ရွက်နိုင်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြင်းနားအုပ်စုအတွင်းရှိ ကျေးရွာပြည်သူများမှ သန်းခေါင်စာရင်းကောက်ယူရေး အသင်းအဖွဲ့များမှ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ KG + 12 ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေး PowerPoint အပ်နှင်းသည့်အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

ပထမအကြိမ်မဲပေးမည့် လူငယ် မဲဆန္ဒရှင်များအုပ်စုတွင် အကျုံးဝင်နေသော ကျောင်းသား ကျောင်းသူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေး PowerPoint အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ အပ်နှင်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) တွင် **"KG + 12 တက်ရောက်နေသည့် ကျောင်းသားများသည် အသက် ၁၇ နှစ်၊ ၁၈ နှစ် အရွယ်ဖြစ်ပြီး KG + 12 ပြီးလျှင် အသက် ၁၈ နှစ်ထဲသို့ ရောက်ရှိမည်ဖြစ်ရာ အသက်အရွယ်အရ မဲပေးရန် အကျုံးဝင်နိုင်သူများ ဖြစ်လာနိုင်၍ ၎င်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့နှင့်ပတ်သက်၍ သိရှိအောင် ဆောင်ရွက်ပေးရန်"** လမ်းညွှန်မှုပြုခဲ့ကြောင်း။

KG + 12 တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများသည် မကြာခင် အသက် ၁၈ နှစ်ပြည့်မီ၍ ပထမအကြိမ်မဲပေးရမည့် လူငယ်မဲဆန္ဒရှင်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ် ဆန္ဒမဲပေးရာတွင် အခက်အခဲမရှိစေရန်နှင့် နိုင်ငံအကျိုးအတွက် မှန်မှန်ကန်ကန် ရွေးချယ်တတ်စေရန် ရည်ရွယ်၍ ရွေးကောက်ပွဲအသိပညာပေးခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ဒီမိုကရေစီအသိနှင့်ဒီမိုကရေစီစနစ်၏ အလေ့အကျင့်ကောင်းများကိုသိရှိရန် လိုသည့်အတွက် မိမိတို့နိုင်ငံ၌ ကျင်းပခဲ့သည့်ရွေးကောက်ပွဲများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များကို PowerPoint တွင် ကောက်နုတ်ဖော်ပြထားပါကြောင်း။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ/ မရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ/ မရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသူများ၊ မဲပေးခွင့်ရရှိရန်အတွက် မဲစာရင်း၌ မိမိအမည်ပါဝင်အောင် ဆောင်ရွက်ရမည့်နည်းလမ်း၊ မပါဝင်သင့်သူများ ပါဝင်နေလျှင်၊ အချက်အလက်များ မှားယွင်းနေလျှင် မည်သို့ဆောင်ရွက်ရမည်၊ မည်ကဲ့သို့ မဲပေးရမည်စသည်ဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကိုလည်း ဖော်ပြထားပါကြောင်း၊ ရွေးကောက်ပွဲအတွက် အရေးကြီးသည့် မဲဆန္ဒရှင်လူငယ်များ၏ နိုင်ငံသားအခွင့်အရေးဖြစ်သော မဲပေးခွင့်မဆုံးရှုံးရစေရန်၊ ဥပဒေနှင့်အညီ မဲပေးခွင့်ရရှိစေရန်၊ မဲပေးတတ်စေရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရွေးကောက်ပွဲတွင် ပထမအကြိမ်မဲပေးရမည့် ကျောင်းသားလူငယ်များအနေဖြင့် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများရရှိပြီး နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သည့် မဲပေးခွင့်မဆုံးရှုံးရစေရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူတစ်ဦးက KG + 12 ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေး PowerPoint နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက KG + 12 ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေး PowerPoint ကို အပ်နှင်းရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ တာဝန်ရှိသူတို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲ အစည်းအဝေး ယခင်နှစ်ကြိမ်တွင်လည်း ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှ ဆုံးဖြတ်၊ သုံးသပ်ပြီး အဖွဲ့လိုက်၊ ကဏ္ဍအလိုက် စတင်ဖွဲ့စည်း၍ လာမည့်စက်တင်ဘာလတွင် ကြိုတင်ပြင်ဆင်လေ့ကျင့်ရန် ဆုံးဖြတ်ထားပါကြောင်း၊ မိမိကဏ္ဍအလိုက်၊ အဖွဲ့အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်ဆွေးနွေး၍ မိမိတို့ကော်မတီက အတည်ပြုကာ တာဝန်ခွဲဝေလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် သက်ဆိုင်ရာပညာရှင်များနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းသို့သွားရောက်လေ့လာပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရအပြည့်ဖြင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ပြီး အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ကျင်းပမည်ဟု ပြောကြားပါကြောင်း၊ အမျိုးသားအားကစားပွဲတော်ကို ခမ်းခမ်းနားနား ကျင်းပရခြင်းမှာ ပြည်သူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေရေးနှင့် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ယခုအားကစားပွဲတော်သည် နိုင်ငံတော်နှင့်ပြည်သူများအတွက် အရေးပါအလေးနက်ထားရမည့် အခမ်းအနားတစ်ခု ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall လေထီးဖြင့် ကွင်းအတွင်းသယ်ဆောင်ခြင်း အစီအစဉ်၊ အခမ်းအနားအစီအစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာများ အချိန်မီတင်ပြနိုင်ရေး၊ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အပါအဝင် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက ကျောင်းသား ကျောင်းသူများ၏ (Performance) သရုပ်ဖော်အကအလှများ ဆောင်ရွက်ထားရှိမှု၊ မီးရှူးမီးပန်း အလှဆင်ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့်အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင်ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှု စသဖြင့် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

# ကာမာလာဟဲရစ်၏ စည်းရုံးရေးကာလအတွင်း အောင်နိုင်ရေးရန်ပုံငွေ ဒေါ်လာ သန်း ၅၄၀ ရရှိခဲ့

**ဝါရှင်တန် ဩဂုတ် ၂၆**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်ကို တစ်ခဲနက် ထောက်ခံအားပေးကြသဖြင့် ၎င်း၏ စည်းရုံးရေးကာလ တစ်လကျော်မျှအတွင်း အောင်နိုင်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၅၄၀ ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



မကြာသေးမီက ခြိမ့်ခြိမ့်သဲကျင်းပသော ဒီမိုကရက်တစ်ညီလာခံတွင် ရရှိသည့်အလှူငွေ ဒေါ်လာ ၈၂ သန်းနှင့် ယခင်ရရှိငွေအားလုံးပေါင်းလိုက်လျှင် ဒေါ်လာ သန်း ၅၄၀ ရှိနေပြီဖြစ်ကြောင်း ၎င်း၏ မဲဆွယ်စည်းရုံးရေးမန်နေဂျာ ဂျင်အိုမာလေးဒီလွန်က အတည်ပြုသည်။

ကာမာလာဟဲရစ် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ရန်ပုံငွေ ထည့်ဝင်လှူဒါန်းခဲ့ကြသူများ၏ ငါးပုံတစ်ပုံမှာ ဒီမိုကရက်တစ်ပါတီအင်အားစုဝင် လူငယ်၊ လူလတ်ပိုင်းများဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

၎င်း၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ၌ စေတနာ့ဝန်ထမ်းပါဝင်လိုသူများ ယခုနောက်ပိုင်းတွင် ပိုမိုများပြားလာရာ ညီလာခံကျင်းပနေစဉ် နာမည်စာရင်းပေးသူ စုစုပေါင်း ၂၀၀၀၀၀ နီးပါးရှိခဲ့သည်။

၎င်း၏ပြိုင်ဘက် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်၏ ရွေးကောက်ပွဲအောင်နိုင်ရေးရန်ပုံငွေမှာမူ ဩဂုတ်လဆန်းအထိ အမေရိကန်ဒေါ်လာ ၃၂၇ သန်းသာရှိသေးကြောင်း သိရသည်။

Mon



## ဆာဒီနီယာကျွန်းရှိ အသက် ၁၀၀ ကျော်သူများကို ဂုဏ်ထူးဆောင်မြို့တော်ဝန်များအဖြစ် ခန့်အပ်

**ရောမ ဩဂုတ် ၂၆**

အီတလီနိုင်ငံ ဆာဒီနီယာကျွန်းရှိ အသက် ၁၀၀ ကျော်သူများကို ဒေသဆိုင်ရာအစိုးရက ဂုဏ်ထူးဆောင်မြို့တော်ဝန်များအဖြစ် ခန့်အပ်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြေထဲပင်လယ်အတွင်းရှိ အဆိုပါကျွန်းငယ်လေးပေါ်တွင် မြို့လေးတစ်မြို့ တည်ထောင်ထားပြီး လူဦးရေ ၈၀၀ ခန့်သာ ရှိသည်။

အသက်အရှည်ဆုံးလူသားများ နေထိုင်သည့် ကမ္ဘာ့အပြာရောင်နယ်မြေလေးခုတွင် ပါဝင်သော ထိုကျွန်းရှိ လူဦးရေ၏ ၄၃ ရာခိုင်နှုန်းမှာ အသက် ၉၀ ထက်ကြီးသူများဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

နောက်ဆုံးပေါ် အဖျက်စွမ်းအားကြီးမားသော ဒရုန်းတစ်မျိုး စမ်းသပ်သည်ကို ထိန်းချုပ်ခန်းထဲမှ စစ်ဆေးကြည့်ရှုပြီး သဘောကျနေသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျောင်အွန်းကို တွေ့ရစဉ်။

Mon



## အိုက်စလန်နိုင်ငံ၌ ရေခဲဂူပြိုကျမှု ဖြစ်ပွား လူတစ်ဦး သေဆုံး၊ နှစ်ဦး ပျောက်ဆုံးနေ

**ရေကျာဗစ် ဩဂုတ် ၂၆**

အိုက်စလန်နိုင်ငံတောင်ပိုင်း၌ ဩဂုတ် ၂၅ ရက်က နာမည်ကျော် ဘရိုင်ဒမာကွာဂျိုကူးလ် ရေခဲဂူပြိုကျမှု ဖြစ်ပွားရာ လူတစ်ဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခရီးသွားဧည့်သည်အချို့ ထိုရေခဲဂူထဲ၌ ရှိနေကြစဉ် အတွင်းပိုင်းရှိ တစ်နေရာတွင်သာ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ဂူအပေါ်မျက်နှာကြက်တွင် ကပ်နေသောရေခဲများ ရုတ်တရက်ပြိုကျလာသဖြင့် လူနှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ရာ ၎င်းတို့ကို ကုသပေးရန်အတွက် ရေကျာဗစ်မြို့တော်ရှိ ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရသည်။

ယင်းရေခဲဂူထဲရှိ ပြိုကျသောအပိုင်းတွင် လူလေးဦး ပိတ်မိနေခဲ့ရာ နှစ်ဦးကို ကယ်ထုတ်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသော ကျန်နှစ်ဦးကို ဩဂုတ် ၂၅ ရက် ညနေပိုင်းအထိ ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## ၁၇ နှစ်အရွယ် အိန္ဒိယမြားပစ်မယ် ရှီတားလ်ဒေဗီ ပဲရစ်အိုလံပစ်၌ ရွှေတံဆိပ်ဆုရရန် မျှော်မှန်းထား

**ဒေလီ ဩဂုတ် ၂၆**

၁၇ နှစ်အရွယ် အိန္ဒိယမြားပစ်မယ် ရှီတားလ်ဒေဗီ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ လက်ခံကျင်းပနေသော မသန်စွမ်းအိုလံပစ်အားကစားပွဲတော်၌ ရွှေတံဆိပ်ဆုရရန် မျှော်မှန်းထားသည်ဟု ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်နှစ်ဖက်မပါသော ဒေဗီသည် ညာဘက်ခြေထောက်ကို မြှောက်တင်ပြီး ခြေမနှင့် ခြေညှိုးကြားတွင် လေးကိုဖိညှပ်လျက် မြားတံကို သွားဖြင့်ကိုက်၍ ချိန်ရွယ်ကာ ပစ်မှတ်ကို မလွဲစတမ်းပစ်ခတ်နိုင်စွမ်းရှိသူ ဖြစ်သည်။

အိန္ဒိယနိုင်ငံ ဂျမ်မူးခရိုင်တွင် မွေးဖွားကာ မွေးကတည်းက လက်နှစ်ဖက်စလုံးမပါလာဘဲ ကိုယ်အင်္ဂါချို့တဲ့ခဲ့သော ဒေဗီသည် အဆိုပါမြားပစ်စွမ်းရည်ကို ပိုင်ဆိုင်သဖြင့် ကမ္ဘာ့ပထမဆုံး လက်မပါသော အမျိုးသမီးမြားပစ်အားကစားမယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဒေဗီသည် အသက် ၁၅ နှစ်ကျော်မှ မြားပစ်အားကစားကို စတင်လေ့ကျင့်ကာ ဇွဲမာန်အပြည့်ဖြင့် ကြိုးစားလေ့ကျင့်ခဲ့ရာမှ ဆုတံဆိပ်များ ဆွတ်ခူးလာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



## ဂါဇာကမ်းမြောင်ဒေသ ကမ်းရိုးတန်းတစ်လျှောက်တွင် ပတ်ဝန်းကျင်ညစ်ညမ်းကာ ရောဂါများ ကူးစက်နေ

**ဂါဇာ ဩဂုတ် ၂၆**

ဂါဇာကမ်းမြောင်ဒေသရှိ မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ပတ်ဝန်းကျင်ညစ်ညမ်းကာ ရောဂါများကူးစက်နေကြောင်း အယ်လ်ဂျာဇီးရား သတင်းဌာနက ဖော်ပြသည်။

သန့်ရှင်းသော သောက်သုံးရေ မရရှိခြင်း၊ ရေဆိုးစွန့်ထုတ်မှု အခြေအနေ ဆိုးရွားခြင်းများကြောင့် ယင်းဒေသတွင် ကလေးများအကြား ပိုလီယိုရောဂါ ကူးစက်မှု ရှိခဲ့သည်။

ထို့ပြင် လက်ရှိပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြေရှင်းမပေးလျှင် ခြင်နှင့် ယင်တို့မှ ကူးစက်သော ရောဂါများ ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

Mon

0-0-0-0-0

## အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူကျွန်းတွင် မိုးသည်းထန်ရေကြီး၊ လူ ၁၃ ဦး သေဆုံးခဲ့ရ

**ဂျကာတာ ဩဂုတ် ၂၆**

အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူကျွန်းတွင် ယခင်အပတ်နှောင်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းရာမှ ရေကြီးမှုဖြစ်ပွားကာ လူ ၁၃ ဦး သေဆုံးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၂၄ ရက် တစ်နေ့လုံး ထိုကျွန်းပေါ်၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ရာမှ အထူးသဖြင့် ကျွန်းအရှေ့ပိုင်း တွင် ရေကြီးခဲ့ခြင်း ဖြစ်သည်။

မိုးသည် အနည်းငယ်သာ စဲသွားပြီး ယခုအပတ်အတွင်း ဆက်လက်ရွာသွန်းဦးမည်ဟု မိုးလေဝသဌာနက ကြိုတင်ခန့်မှန်းပြီး သတိပေးချက်ထုတ်ပြန်ထားသည်။

ဒေသခံများအနေဖြင့် ရေဘေးမှ ကင်းလွတ်အောင် ရှောင်တိမ်းကြရာတွင် သက်ဆိုင်ရာက ညွှန်ကြားထားသည့် စည်းကမ်းချက်များကို ဂရုပြုလိုက်နာကြရန် အစိုးရ သဘာဝဘေးဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့ ပြောခွင့်ရသူ အဗ္ဗဒူလ်မာဟရီက ထုတ်ဖော်ပြောကြားသည်။

လွန်ခဲ့သော မေလက အနောက်စုမတြားပြည်နယ်တွင် မိုးသည်းထန်ရေကြီး၊ မြေပြိုမှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၆၀ ဦးကျော် သေဆုံးခဲ့ကြောင်း သိရသည်။

Mon





# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Anya Taylor joy ကို လန်ဒန်ပလတ်စတစ်ဆာဂျရီဌာနမှ အလှပိုင်ရှင်စံနှုန်းတွင် ထည့်သွင်း



လန်ဒန်ပလတ်စတစ်ဆာဂျရီဌာနမှ မျက်နှာအလှစံနှုန်းအရ ကမ္ဘာ့အမျိုးသမီး ၁၀ ဦးစာရင်းကို ရွေးချယ်ထုတ်ပြန်ခဲ့ရာ အန်ယာတေလာဂျိုလည်း ထိပ်ဆုံးစာရင်းဝင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဌာနက မျက်နှာအလှစံနှုန်းကို Beauty expert များထဲမှ Golden Ratio ကို ကွန်ပျူတာအခြေခံပြီး ရွေးချယ်ခဲ့ရာ အမျိုးသမီး၏ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ နှုတ်ခမ်း၊ မေးရိုး၊ မေးစေ့မျက်နှာပုံစံတို့ကို တွက်ချက်ထားသည်ဟု ဒေးလီးမေးလ်မီဒီယာတွင် ဖော်ပြထားသည်။

ယင်းစာရင်းအရ ထိပ်ဆုံးငါးဦးစာရင်းတွင် အန်ယာတေလာဂျို၊ ဇန်ဒါယာ၊ ဘဲလာဟာဒစ်၊ မာဂေါ့ဒ်ရိုဘီနှင့်တောင်ကိုရီးယား အနုပညာရှင် ဆောင်းဟောကိုတို့ ပါဝင်ကြသည်။

ကျန်စာရင်းများတွင် ဘီယွန်စေး၊ တေလာဆွစ်၊ ကျန်းဇီယီ၊ အာလီယာဘတ်နှင့် နာဆာနင်းဘိုနီအာဒီ စသည့် ကမ္ဘာ့အချောအလှအနုပညာရှင်များ ပါဝင်ခဲ့ကြသည်။

**SKY**



## Alia Bhatt တို့ ဧည့်မောင်နှံက Anant Ambani တို့ စုံတွဲကို တန်ဖိုးကြီးကားတစ်စီး လက်ဖွဲ့

ဘောလီဝုဒ်အနုပညာလောကမှသာမက ကမ္ဘာကျော်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည့် အနန့်အမ်ဘာနီတို့စုံတွဲ မင်္ဂလာပွဲတွင် တန်ဖိုးကြီးလက်ဖွဲ့များ ပေးခဲ့ကြရာ အာလီယာဘတ်နှင့် ရမ်ဘီးကပူးလ်တို့က တန်ဖိုးကြီး ကားတစ်စီးလက်ဖွဲ့ထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မင်္ဂလာပွဲတွင် ဈေးအကြီးဆုံးမင်္ဂလာလက်ဖွဲ့ပေးခဲ့သူ ၁၀ ဦးရှိခဲ့ရာ မတ်ခ်ဇူကာဘတ်တို့စုံတွဲ၊ ဘီလ်ဂိတ်တို့စုံတွဲ၊ ရှာရွတ်ခန်းတို့ စုံတွဲနှင့် အတူ အာလီယာဘတ်တို့ စုံတွဲလည်း ပါဝင်ခဲ့ကြသည်။

ရမ်ဘီးကပူးလ်နှင့်အာလီယာဘတ်တို့က ကိုးကုဋေတန်သည့် Mercedes ကားတစ်စီး လက်ဖွဲ့ခဲ့ပြီး ရှာရွတ်ခန်းတို့မိသားစုက ပြင်သစ်ရှိ တိုက်ခန်း လက်ဖွဲ့ခဲ့မှုမှာ ပရိသတ်ကြား ရေပန်းစားနေကာ တန်ဖိုးကြီး လက်ဖွဲ့ပေးခဲ့သူ ၁၀ ဦးရှိသည်ဟု ဆိုသည်။

လက်ရှိ ပြင်သစ်သို့ ဟန်နီးမွန်းထွက်နေသော အနန့်တို့စုံတွဲမှာ အိုလံပစ်အားကစားပြိုင်ပွဲတွင် တွေ့ကြရသည်။ **SKY**

## SnowPiercer နှင်းခွဲရထားရုပ်ရှင်ကား ပရိသတ်အားပေးမှုရရှိထား

ဒါရိုက်တာဘွန်ဂျွန်ဟိုသည် Parasite ဇာတ်ကားနှင့် ဆုပေါင်းများစွာ သိမ်းပိုက်ခဲ့ပြီးနောက် Snowpiercer နှင်းခွဲရထား ဇာတ်ကားကို ရိုက်ကူးပြသခဲ့ရာ IMBD 7.2နှင့်ပရိသတ်အားပေးမှုများစွာ ရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် CW7 ဆိုသည့် ဓာတုပစ္စည်းတစ်မျိုးကို အသုံးချ၍ ကမ္ဘာကြီးပူနွေးမှုကို ကာကွယ်ရန် ကြိုးစားရာမှ အကျိုးဆက်အဖြစ် အေးခဲလွန်းသည့် ရေခဲခေတ်ကို ရောက်ရှိသွားနိုင်သည်ကို ကြိုမြင်၍ ပညာရှင်တစ်ဦးက ကမ္ဘာကြီးတွင် တစ်နှစ်တစ်ခါလည်ပတ်နေသည့် Snowpiercer နှင်းခွဲရထားကြီးကို တီထွင်ခဲ့သည်။

နှင်းများမှ နေစွမ်းအင်ကိုယူကာ အလုံပိတ်ဂေဟာစနစ်နှင့် မရပ်မနား ခုတ်မောင်းနေသည့် ဧရာမရထားကြီးနှင့် လူချမ်းသာများ၊ လူဆင်းရဲများကျော်ဖြတ်ခဲ့ပုံကို ရိုက်ကူးတင်ပြထားသည်။

**SKY**




## မြေထဲပင်လယ် အစားထိန်းချုပ်မှုပုံစံဖြင့် စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်ဖွယ်ရှိ

မြေထဲပင်လယ်သည် ၁၇နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိရာ မြေထဲပင်လယ်ဒေသတစ်ဝန်းတွင် အစားအသောက်ယဉ်ကျေးမှုကူးလူးဆက်ဆံပုံ စုံလင်ထူးခြားသည်ကို တွေ့ရသည်။

သစ်သီးနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးကို အဆီဓာတ်ကြွယ်ဝသော ငါးများနှင့် ပေါင်းစပ်ကာ စားသုံးသော ပုံစံကို မြေထဲပင်လယ်အစားထိန်းချုပ်မှုပုံစံဟု ခေါ်ဆိုကြသည်။

ယင်းစားသောက်မှုပုံစံ၏အကျိုးသက်ရောက်ပုံအကြောင်းကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ဘရင်ဟမ်တန် တက္ကသိုလ်မှ တွဲဖက်ပါမောက္ခလီနာဘက်ဒါချေ ဦးဆောင်သော အာဟာရဇေဒပညာရှင်များ မကြာသေးမီက လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ မြေထဲပင်လယ်အစားထိန်းချုပ်မှုပုံစံဖြင့် စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

**SCI**



## Alek Teeradetch
## အနုပညာခြေလှမ်းသစ်အတွက် ပြင်ဆင်

ထိုင်းအနုပညာရှင်အဲလက်တီရာဒီချ်သည် အနုပညာခြေလှမ်းသစ်များ ထပ်မံတက်လှမ်းနိုင်ရန်အတွက် ပြင်ဆင်ရာတွင် အတွေးသစ်များရရန် စိတ်လွတ်လပ်စွာ တစ်ဦးတည်း ခရီးသွားလာနေသည်ဟု ထိုင်းအတ်ဒီတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဲလက်တီရာဒီချ်သည် အနုပညာခြေလှမ်းသစ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေရာမှ ချစ်သူ ဘိုးမေလာဒါကိုလည်း ကြင်နာစွာ ဂရုတစိုက်ရှိတတ်သူဖြစ်သည်။

အနုပညာရှင်နှစ်ဦးချစ်သူသက်တမ်းတစ်နှစ် မပြည့်မီပင် အဲလက်တီရာဒီချ်က လက်ထပ်ရန် ပြောခဲ့သော်လည်း ဘိုးမေလာဒါက အသက်ငယ်သေးသည်ဆို၍ အနုပညာခြေလှမ်းသစ်များ ဆက်လက်တက်လှမ်းရန်အတွက် အတွေးသစ်များရရန် တစ်ကိုယ်တည်း ခရီးသွားနေခဲ့ခြင်း ဖြစ်သည်။ **SKY**



## Jung Kook ၏ Golden:The Moment ပြပွဲလက်မှတ် တရားဝင်ရောင်းချ

၂၀၂၅ခုနှစ် ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ဆိုးလ်မြို့ ဂျောင်ဂူခရိုင်တွင် ရှိသည့် မြောင်ဒေါင်းဇရိယာပိုင် Le Merdien (Moxy)Hotel ပထမထပ်နှင့် ဒုတိယထပ်တွင် ဘီတီအက်စ်မှ ဂျောင်ဂု၏ ပြပွဲပြုလုပ်မည်ဖြစ်၍ လက်မှတ်များ တရားဝင်ရောင်းချခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါလက်မှတ်များကို အင်တာပတ် လက်မှတ်ဝက်ဘ်ဆိုက်မှ တရားဝင်ရောင်းချခဲ့ရာ သုံးနာရီအတွင်း လေးရက်စာလက်မှတ်များ ကုန်ခဲ့သည့်အတွက် ရက်သတ္တပတ်ဇယားတွင် ထိပ်ဆုံးနေရာ ရောက်ခဲ့သည်။

ယင်းပြပွဲကို အဓိက Paid Paid Partner Ship ဖြစ်သည့် ဆမ်ဆောင်းမှ Golden ၏ တစ်ကြိမ်မှ မထုတ်ရသေးသည့် ဂျောင်ဂု၏ဓာတ်ပုံကို Wifi Speaker နှင့် ပေါင်းခတ်အလှဆင်ထားသည့်Golden Music Frame Product ကြိုတင်မှာယူစနစ်နှင့် ရောင်းချခဲ့ရာ သုံးမိနစ်အတွင်း ကုန်ခဲ့သည်ဟု ဆမ်ဆောင်းအီလက်ထရောနစ်အသင်းက ထုတ်ပြန်ခဲ့ကာ ယင်းကုန်ပစ္စည်းကို ဆမ်ဆောင်းက အကန့်အသတ်နှင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

**SKY**



၀-၀-၀-၀-၀-၀

## Jennie နှင့် Bae Suzyတို့ Revolver VIP Premiere ပွဲသို့ အတူတက်ရောက်

ကေပေါ့ပ်နာမည်ကျော် ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျင်နီသည် နာမည်ကြီးအနုပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်ဘေးဆူဇီနှင့်အတူ Revolver VIP ပွဲသို့ တက်ရောက်ခဲ့သည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲသို့ သူတို့နှစ်ဦး တက်ရောက်လာမှုကို ပရိသတ်များ စိတ်ဝင်စားခဲ့ကြကာ ဂျင်နီနှင့် ဘေးဆူဇီတို့ ခင်မင်ရင်းနှီးမှုကို သိလိုစိတ်ပြင်းပြခဲ့ကြသည်။

နယ်ပယ်တစ်ခုစီတွင် ကျော်ကြားနေသော အလှနတ်မိမယ်နှစ်ဦးက ဆန့်ကျင်ဘက်အဖြူရောင်နှင့် အမည်းရောင်ကို ဆင်မြန်းထားကြကာ တောက်ပနေကြသည်ကို တွေ့ကြရသည်။

ပွဲတော်တွင် ဘေးဆူဇီ၏ ရင်းနှီးသော သူငယ်ချင်းဆောင်းဟောကို ကိုပါ ထပ်မံတွေ့ရှိခဲ့ကြရ၍ ပွဲတော်တွင် သုံးဦးသား ပရိသတ်အာရုံစိုက်မှုကို ရရှိထားကြသည်။ **SKY**



# ကန့်ဘလူမြို့နယ်မှ ပြည်သူ လေးဦးကို ဖမ်းဆီးပြီး သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ် ဦးကင်းကြည် ကျေးရွာကို ဩဂုတ် ၂၅ ရက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူလေးဦးကိုဖမ်းဆီးကာ သုံးဦးကိုသတ်ဖြတ်ခဲ့ကြောင်းနှင့် ၎င်းကျေးရွာမှ နေအိမ်ငါးလုံးကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်းသတင်းတု၊သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။







ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၅ ရက်တွင်ကန့်ဘလူမြို့နယ်ချပ်သင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၃၀၀၀ ခန့်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကလည်းပြန်လည်တိုက်ခိုက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ တောင်ဘက်သို့ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထို့နောက် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လိုက်လံရှင်းလင်းခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမား အလောင်း သုံးလောင်း၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်တစ်တောင့်ထိုး နှစ်လက်နှင့် လက်လုပ်စိန်ပြောင်း ဗုံးသီးငါးလုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏နယ်မြေလုံခြုံရေးဆောင်ရွက်မှုအား ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားပြီး လူမှုကွန်ရက်များတွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@phoo.pwint.thaw.k" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ခတ္တိယကမ်းနားကျေးရွာနေ ဌေးဌေး(ခ)ရွှေဌေးအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "Hnin yu maw" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပန်းတနော်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ နှင်းယုမွန်အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ "Kaungmalay" Facebook အကောင့်နှင့် "@nwelay123417" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ်(၁)ရပ်ကွက်(မြို့သစ်)နေ အေးအေးနွယ်(ခ)မနွယ်အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

### ထိရောက်စွာအရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

စဉ့်ကိုင် ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ·မ·က (ကသဲစု)တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင်အ·မ·က (ကသဲစု)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းကာ 'လူငယ်နှင့် မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က 'မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစုံလင်သည့် စာအုပ်၊ စာစောင်များအား စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

(၃၉၉)



# စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းနှင့် ကက်တမင်း ၄၂၇ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် နံနက် ၁ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ဟွေပဟိကျေးရွာရှိ မအားမီ၏နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်ရှေ့ခြံဝင်းအတွင်း ရပ်တန့်ထားသည့် MITSUBISHI PAJERO မော်တော်ယာဉ်ပေါ်မှ ငွေကျပ် ၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းနှင့် စိတ်ပြောင်းဆေးဝါး ကက်တမင်း ၄၂၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# လှိုင်လင်မြို့နယ် ပင်လုံမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၂၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၃နာရီ ၁၀မိနစ်က သက်သေများနှင့်အတူ လှိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပေါင်းလိုင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းဝေလင်းအောင် မောင်းနှင်ပြီး စိုင်းလွှင်ဖြိုး လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ခပ်ခူး(အဆင့်နိမ့်ဘိန်း)အလေးချိန် ၅ ဂရမ်၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၂ ဒသမ ၃ ကီလို၊ ကက်တမင်း အလေးချိန် ၈၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဝေလင်းအောင်(၃၃)နှစ်နှင့် စိုင်းလွှင်ဖြိုး(၁၉)နှစ်တို့အား ပင်လုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# သားအမိနှစ်ဦးဓာတ်လိုက်၍ သေဆုံးမှုဖြစ်ပွား

မန္တလေး ဩဂုတ် ၂၆

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ လူငယ်တစ်ဦး ဓာတ်လိုက်၍ မိခင်ဖြစ်သူက ဆွဲခေါ်ရာ သားအမိနှစ်ဦး သေဆုံးခဲ့သည်။ ဖြစ်စဉ်မှ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ နေအိမ်တွင် ဩဂုတ် ၂၄ ရက် ည ၁၀ နာရီခွဲက အသက် ၂၅ နှစ်အရွယ် လူငယ်တစ်ဦး ရေချိုးစဉ် ထရံတွင်တပ်ထားသော မီးပလပ်ခုံသွယ် သည့်ဓာတ်ကြိုးအပေါက်မှ သံဆန်ခါသို့ လျှပ်စစ်စီးဝင်ပြီး ဓာတ်လိုက်မှုဖြစ်ရာ မိခင်ဖြစ်သူမှ ဆွဲခေါ်ရာမှ မိခင်ဖြစ်သူပါ ဓာတ်လိုက်သေဆုံးခဲ့သည်။

ဓာတ်လိုက်သေဆုံးသွားသည့် သားအမိနှစ်ဦး၏ ရုပ်အလောင်းများကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

*—*—*—*—*






## အန်းဒရစ်ခ် အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်

**မက်ဒရစ် ဩဂုတ် ၂၆**

ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာရာဇီးလက်ရွေးစင်အသင်း တိုက်စစ်မှူး အန်းဒရစ်ခ်(အသက် ၁၈နှစ် ၃၅ရက်)သည် အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် နိုင်ငံခြားသားကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဗယ်လာဒိုးလစ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုး တစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အန်းဒရစ်ခ်က "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ နောက်ထပ် အဖိုးတန်သွင်းဂိုးတွေ ဆက်လက်ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**

## အဝေးကွင်းပွဲတွင် သွင်းဂိုး ၆ဂိုး ရရှိအောင် စွမ်းဆောင်နိုင်သည့်နည်းပြအဖြစ် မာရက်စကာ မှတ်တမ်းဝင်



**လန်ဒန် ဩဂုတ် ၂၆**

ချဲလ်ဆီးအသင်းနည်းပြ မာရက်စကာသည် အသင်းနည်းပြ ဘဝ ပထမဆုံး ယှဉ်ပြိုင်ကစားသည့် ပရီးမီးယားလိဂ် အဝေးကွင်းပွဲတွင် သွင်းဂိုး ၆ဂိုး ရရှိအောင် စွမ်းဆောင်နိုင်သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ဝုဖ်အသင်းအား ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အဝေးကွင်းပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

နည်းပြ မာရက်စကာသည် ယခုနှစ်ဘောလုံးရာသီမှ စတင်ကာ ချဲလ်ဆီးအသင်းအား စတင်ကိုင်တွယ်ခွင့်ရရှိပြီး ပြိုင်ပွဲ ၃ပွဲတွင် ၂ပွဲနိုင်၊ ၁ပွဲရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၄)နှစ်အရွယ်ရှိ မာရက်စကာက "ကျွန်တော်အခုလို နိုင်ပွဲနှင့်အတူ မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယခုနှစ်ဘောလုံးရာသီမှာလည်း ချဲလ်ဆီးအသင်းနဲ့အတူ ပရီးမီးယားလိဂ် ဆုဖလားကြီး ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



## စပါးအသင်းနှင့်အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားလိုကြောင်း ဆွန်ဟောင်မင်ပြောကြား

**လန်ဒန် ဩဂုတ် ၂၆**

စပါးအသင်း တိုက်စစ်မှူး ဆွန်ဟောင်မင်က မိမိအနေဖြင့် အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပါးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၁၀ ကစားကာ ၁၆၄ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။



အသက်(၃၂)နှစ်အရွယ်ရှိ ဆွန်ဟောင်မင်က "ကျွန်တော် စပါးအသင်းနှင့်အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားလိုပါတယ်။ ဒီရာသီမှာ အသင်းနဲ့အတူ ပရီးမီးယားလိဂ် ဆုဖလားကြီးကို ဆွတ်ခူးနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပြီးတော့ အသင်းရဲ့ ဂန္ထဝင်ကစားသမားတစ်ဦးလည်း ဖြစ်ချင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကစားသမားဘဝကို ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)**

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂ပွဲ ကစားအပြီးတွင် ရမှတ် ၄မှတ်ဖြင့် အဆင့် ၅နေရာတွင် ရပ်တည်ခဲ့သည်။ **(NGB)**

## ဒါရာအိုရှေးရ်အား အစ်ဆွစ်ချ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၆**

အစ်ဆွစ်ချ်အသင်းသည် ဘန်လေအသင်း နောက်ခံကစားသမား ဒါရာအိုရှေးရ်အား ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘန်လေအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အစ်ဆွစ်ချ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၉ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အောက်ပုံ)(NGB)**




## 2024 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂ရက်တွင် စတင်မည်

**လန်ဒန် ဩဂုတ် ၂၆**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂ရက်မှ ၈ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

2024 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁၅၀၀၀ ရရှိမည်ဖြစ်သည်။ **(အောက်ဝဲပုံ)(NGB)**

## ဘာစီလိုနာအသင်း ခရစ္စတန်ဆန်အား ယူရို ၂၅ သန်းရရှိပါက ရောင်းချသွားမည်



**ဘာစီလိုနာ ဩဂုတ် ၂၆**

ဘာစီလိုနာအသင်းသည် အသင်းနောက်ခံကစားသမား ခရစ္စတန်ဆန်အား ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ခရစ္စတန်ဆန်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲ ကစားကာ ၄ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

ဘာစီလိုနာအသင်းကလည်း ခရစ္စတန်ဆန်အတွက် ၎င်းတို့အလိုရှိနေသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိဈေးကွက်အတွင်းတွင် ခရစ္စတန်ဆန်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဟင်ကပီအား ခေါ်ယူရန် လီဗာပူးအသင်း စိတ်ဝင်စား

**လီဗာပူး ဩဂုတ် ၂၆**

လီဗာပူးအသင်းသည် လေဗာကူဆင်အသင်း နောက်ခံကစားသမား ဟင်ကပီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ် အရွယ်ရှိ နောက်ခံကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၁ပွဲကစားကာ ၄ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းကလည်း ဟင်ကပီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ဟင်ကပီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**

*-*-*-*-*




### ဥရောပ ချန်ပီယံလိဂ်ခြေစစ်ပွဲ (Play-Offs) ပွဲစဉ်များ(ဒုတိယအကျော့) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၈-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၁း၃၀နာရီ | ဂါလာတာစာရေး - ယန်းဘွိုင်းစ် |
| ။ | ။ | ဆာလ်ဇ်ဘာ့ဂ် - ဒိုင်နမိုကိဗ် |
| ။ | ။ | စပါတာပရပ်ဂ် - မယ်လ်မို |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၇-၈-၂၀၂၄ အင်္ဂါနေ့ | ည၁၁း၃၀ နာရီ | မာယော့ကာ (D,L) - ဆီဗီလာ (D,L) | မာယော့ကာ ၁-၀ ဆီဗီလာ<br>ဆီဗီလာ ၂-၁ မာယော့ကာ |
| ၂၈-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၀၂း၀၀နာရီ | ဗယ်လက်ကာနို (W,D) - ဘာစီလိုနာ (W,W) | ဗယ်လက်ကာနို ၁-၁ ဘာစီလိုနာ<br>ဘာစီလိုနာ ၃-၀ ဗယ်လက်ကာနို |

## ပြည်တွင်းပဲဆီလိုအပ်ချက်မြင့်မားသောကြောင့် ဆီစက်များအားလုံးနီးပါး လည်ပတ်အဆင်ပြေနေ

**မန္တလေး ဩဂုတ် ၂၆**

ပြည်တွင်းပဲဆီ လိုအပ်ချက်မြင့်မားနေသောကြောင့် ဆီစက်များအားလုံးနီးပါး လည်ပတ်အဆင်ပြေနေကြောင်း ဆီစက်လုပ်ငန်းရှင်များ ထံက သိရသည်။

ပြည်တွင်း စားအုန်းဆီ တင်သွင်းမှုကို ၂၀၂၃ခုနှစ်ကတည်းက စားအုံးဆီ တင်သွင်းမှု လျှော့ချသောကြောင့် ပြည်တွင်းမှာရှိသည့် ဆီစက် ၈၀ရာခိုင်နှုန်းကျော် လည်ပတ်လာကြောင်း၊ စားဆီတင်သွင်းမှုလျော့သလို တိရစ္ဆာန်စာ ပဲဖတ်လည်း တင်သွင်းမှု လျှော့သွားကြောင်း၊ စားအုန်းဆီတင်သွင်းမှုနှင့်ပဲဖတ်တင်သွင်းမှု လျှော့ချတင်သွင်းခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ကျသွားကြောင်း မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောသည်။

"နိုင်ငံခြားကနေ ဆီလျှော့သွင်းလိုက်တာနဲ့ ပြည်တွင်းဆီလိုအပ်ချက်များပြီး ဆီစက်တွေအားလုံးနီးပါး လည်ပတ်နိုင်သွားတယ်။ စားအုံးဆီလျှော့တာ တင်မက နောက်ထပ်တိရစ္ဆာန် အစာအဖတ်ပါ နိုင်ငံခြားက တင်သွင်းရတာလျှော့တယ်။ နိုင်ငံခြားကနေ နှစ်စဉ်စားဆီ တင်သွင်းမှုကနေ ဒေါ်လာသန်း၆၀၀၊၇၀၀၊ တိရစ္ဆာန်အစာအတွက် ဒေါ်လာသန်း ၃၁၂သန်းလောက် စုစုပေါင်း ၁ ဘီလီယံနီးပါး လောက်ရှိတယ်။ လက်ရှိမှာ တစ်လကို စားအုန်းဆီတန်ချိန် ၃၀၀၀၀လောက်ပဲ တင်သွင်းနေတော့ ပြည်တွင်းမှာ ဆီစက်တွေရော၊ တောင်သူတွေရော၊ ကုန်သည်တွေရော အားလုံးအဆင်ပြေလာပါ"ဟု ၎င်းက ပြောသည်။

ပြည်ပမှ စားအုံးဆီနှင့် တိရစ္ဆာန် အစာအတွက် နိုင်ငံခြားငွေ ၁ဘီလီယံခန့် သုံးစွဲတင်သွင်းနေရာမှာ ယခုအခါ လျှော့ချတင်သွင်းမှုကြောင့် ပြည်တွင်းမှာ ရပ်ဆိုင်းလုနီးပါးဖြစ်နေသည့် ဆီစက်လုပ်ငန်း ကွင်းဆက်ကြီးတစ်ခုလုံး ပြန်လည် အသက်ဝင်လှုပ်ရှားလာနိုင်ခြင်းဖြစ်သည်။

ထိုသို့ ပြည်တွင်းဆီစက်များ ပြန်လည် လည်ပတ်အားကောင်းလာသည့်နှင့်အမျှ ပြည်တွင်းမှာ စိုက်ပျိုးရေး ကွင်းဆက်တစ်ခုလုံးမှာ ပါဝင်သည့် တောင်သူ၊ ကုန်သည်နှင့်အခြေခံအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းလာကာ ဝင်ငွေများကောင်းလာခြင်းဖြစ်သည်။

ထို့ပြင် မြေပဲကို ဆီအဖြစ် ထုတ်လုပ်ပြီး ပဲဖတ်ကို တိရစ္ဆာန်အစာ၊မြေပဲကိုတန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် မြေပဲလှော်၊ မြေပဲယိုများ ထုတ်လုပ်ကာ မိသားစုဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်သည်။

ယခင်က ပြည်ပမှ တင်သွင်းသည့် စားအုန်းဆီတင်သွင်းမှုကြောင့် နိုင်ငံခြားငွေများစွာ အသုံးပြုရပြီး ကုန်သွယ်မှုလိုငွေ များစေသလို ပြည်တွင်းက ဆီလုပ်ငန်းရှင်များလည်း လုပ်ငန်းရပ်ဆိုင်းသွားခဲ့ရသည်။

ယခုအခါ နိုင်ငံခြားဒေါ်လာ သုံးစွဲမှု လျှော့ကျသည့်အပြင် ပြည်တွင်းမှာလည်း ကျန်းမာရေးနှင့် မညီညွတ်သည့် စားအုန်းဆီသုံးစွဲမှုကိုလျှော့ချပြီးကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၆)**





## ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ မဟာအောင်မြေမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် KGI International School တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းကို ဩဂုတ် ၂၄ရက်မှ ၂၅ရက်အထိ မဟာအောင်မြေမြို့နယ်ရှိ KGI International School ခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်နှင့်ကော်မတီဝင်များ၊ မဟာအောင်မြေမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့်မန္တလေးတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နည်းပြများ၊ ဆရာ၊ ဆရာမ ၃၀ဦး တက်ရောက်ကြသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နည်းပြများက စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

**(အပေါ်ပုံ)(၀၄၅)**

## စားအုံးဆီလက်ကားရည်ညွှန်းဈေး ငွေကျပ်၂၀၀ကျော် ပြန်တက်

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုများအရ ယခုတစ်ပတ် ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ ၁ရက်နေ့အထိ စားအုန်းဆီရန်ကုန်အထိုင် ဈေးအခြေခံလက်ကား ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၃၇၅ ဖြစ်ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဩဂုတ် ၁၉ရက်နေ့မှ ဩဂုတ် ၂၅ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၁၇၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အခြေခံလက်ကားရည်ညွှန်းဈေးသည် ငွေကျပ် ၆၃၇၅ ဖြစ်သဖြင့် ငွေကျပ် ၂၀၀ကျော်ခန့် ဈေးတက်သွားခြင်းဖြစ်သည်။

စားအုန်းဆီကမ္ဘာ့ ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

အပတ်စဉ် ဖော်ပြပေးထားနေသော အခြေခံလက်ကား ရည်ညွှန်းဈေးသည် ရန်ကုန်အထိုင် လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင်ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးဖြင့်ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**



## အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (၁၉)ကြိမ် ဖွင့်လှစ်ပေးထား

**မန္တလေး ဩဂုတ် ၂၆**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာရပ် သင်တန်း ၁၉ကြိမ် ဖွင့်လှစ်သင်ကြားပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်းသည် ကျေးလက်နေပြည်သူများ၊ လူငယ်၊ လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာရပ် သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယင်းသင်တန်းများကို ယခုဘဏ္ဍာနှစ်တွင်(၃၄)ကြိမ် လျာထားပြီး ဧပြီလမှစ၍ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေရာ ယနေ့အချိန်အထိ သင်တန်းပေါင်း (၁၉)ကြိမ်ဖွင့်လှစ်ပေးထားပြီး ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



သင်တန်းတွေကိုတော့ ဌာနကနေ ဖွင့်လှစ်ပေးတဲ့ သင်တန်းရှိသလို မိတ်ဖက်ဌာနများနဲ့လည်း ဖွင့်လှစ်တာရှိတယ်။ လက်ရှိမှာတော့ အသက်မွေးဝမ်းကျောင်းပညာရပ် သင်တန်း(၁၉)ကြိမ် ဖွင့်လှစ်ပေးထားပါတယ်။ သင်တန်းဖွင့်လှစ်ပေးတဲ့ အမျိုးအစားအလိုက် သင်တန်းကာလတွေကတော့ မတူကြပါဘူး။ သင်တန်းဆင်းသွားသူတွေက မိမိတို့ဒေသမှာ တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။ သင်တန်းတွေကို မြို့ပေါ်နဲ့ ကျေးလက်ပြည်သူတွေအတွက် သင်ကြားပေးနေတာပါ။ အဓိကတော့ ကျေးလက်ရွာတွေကို ကွင်းဆင်းပြီးတော့ နည်းပညာရပ်များကို သင်ကြားပေးတာပါ။ ပညာရပ်များ သင်ကြားပေးတာကြောင့် မိသားစု အိုးမကွာ အိမ်မကွာနဲ့နေနိုင်ပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတွေကို ထူထောင်လာနိုင်မှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေပြီး ထုတ်ကုန်တွေ ထုတ်လုပ် ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေတွေလည်း တိုးတက်လာနေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများ သင်ကြားပေးနေရာတွင် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လျှပ်စစ်မော်တာ အပ်ချုပ်စက်သင်တန်း၊ အခြေခံအပ်ချုပ်စက်သင်တန်း၊ လျှပ်စစ်ဝါယာရိန်းသင်တန်း၊ မော်တာစက်ချုပ်သင်တန်း၊ စက်ရက်ကန်း၊ လက်ရက်ကန်း စသည့်သင်တန်းများ စုစုပေါင်း(၁၉)ကြိမ် ဖွင့်လှစ်သင်ကြားပို့ချပေးထားကြောင်း၊ ၎င်းသင်တန်းများပေးခြင်းကြောင့် ပြည်သူများအနေဖြင့် ထုတ်လုပ်နိုင်သည့် ပညာရပ်များရရှိပြီး မိမိတို့ကိုယ်တိုင် ပြုပြင်ထုတ်လုပ် ရောင်းချနိုင်သည်အထိ စာတွေ့၊ လက်တွေ့နည်းပညာရပ်များဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(၀၇၃)**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ပြိုင်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂၆**

တောင်ကြီးခရိုင်၊ (၂၅)ကြိမ်မြောက်၊ ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးခရိုင်အဆင့် ပြိုင်ပွဲအခမ်းအနားကို တောင်ကြီးခရိုင်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တောင်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လှိုင်၊တောင်ကြီးခရိုင်ပြိုင်ပွဲကျင်းပရေးကော်မတီ အဖွဲ့ဝင်များဖြစ်သည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးသက်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးထိန်လင်းသိန်း၊တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုး၊ တောင်ကြီးခရိုင်ပညာရေးမှူး ဒေါက်တာသင်းသင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တောင်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးနှင့် မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် အရေးပါလှတဲ့ အဆို၊အက၊ အရေး၊အတီး အနုသုခုမပညာရပ်များဟာ ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်တဲ့အလျောက် မေ့မေ့ပျောက်ပျောက် လျစ်လျူရှုထားလိုက်ပါက မကြာမီမှာပင် ပျောက်ကွယ်သွားမှာဖြစ်တဲ့အတွက် တည်ရှိနေဆဲဖြစ်တဲ့ ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်မြုပ်၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် သွားကြရမှာဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံတို့ရဲ့ ရှည်လျားတဲ့ သမိုင်းကြောင်းများနှင့် ပြည့်စုံနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံရဲ့တန်ဖိုးကို မြှင့်တင်နိုင်အောင် ပါဝင်ယှဉ်ပြိုင်ကြမည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအနေနဲ့ ခရိုင်အဆင့်ပြိုင်ပွဲမှာ ထူးချွန်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေးကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ပြိုင်ပွဲမှာ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊အခြေခံပညာအဆင့် ဆိုပြီး အဆင့်များ ခွဲခြားသတ်မှတ်ထားရှိပြီးဖြစ်တဲ့တွက် ပြိုင်ပွဲဝင်ဘာသာရပ်အလိုက် ထူးထူးချွန်ချွန်ဖြစ်အောင် ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုပါကြောင်း ထည့်သွင်းပြောကြားသည်။

၎င်းနောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အစီအစဉ်တိုင်းဆက်လက်ကျင်းပသည်။

အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ၌ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်တို့တွင် အဆိုဘာသာရပ်၌ ၁၂ ဦး၊အကဘာသာရပ်၌ ၂၁ ဦး၊ အတီးဘာသာရပ်၌ ၃ ဦး၊ စုစုပေါင်း ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

(ဝဲပုံ) (၃၆၈)



# (၁၅)ကြိမ်မြောက် စုပေါင်းသစ်ပင်စိုက်ပျိုး



**ပြင်ဦးလွင် ဩဂုတ် ၂၆**

သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ Green Challenge Association ၏ (၁၅)ကြိမ်မြောက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၅ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ်၊ ညံညွင်းသာကျေးရွာ၊ နဝင်းတောရကျောင်းဝင်းတွင် ကျင်းပရာ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ၊ GCA အဖွဲ့ဝင်များ၊ နဝင်းတောရကျောင်း ဆရာတော်နှင့် ဒေသခံရွာသူ၊ ရွာသားများ တက်ရောက်ကြသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် နဝင်းတောရကျောင်းဝင်းအတွင်းနှင့်အဝင်လမ်းတွင် ကျောက်ခက်၊ စက္ကူပန်း၊ ကံ့ကော်၊ ကျူးလစ်၊ မန်ကျည်း၊ ဝွေးတောက်၊မက္ကဒေးမီးယား၊ တမလန်း၊ မဟော်ဂနီ၊သစ်နှင်းဆီ၊ကျွန်း၊ခရေ၊သရက်၊ ညောင်ပင်၊ လင်လွန်း စုစုပေါင်း ပန်းအလှနှင့် အရိပ်ရပင် ၁၂၈ ပင်အား တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။သစ်ပင်စိုက်ပျိုးသူများအား ဒေါ်တင်မေငြိမ်းက သစ်ပင်များ သယ်ယူစရိတ်ငွေကျပ်တစ်သိန်း၊ ရေသန့်၊ အအေးဘူးများကိုလည်းကောင်း၊ ဒေါ်နုနုယဉ်က နေ့လယ်စာ၊ ဦးဇော်မျိုးက ငွေကျပ် ၅၀၀၀၀၊ ဦးကျော်ကျော်လင်းက ငွေကျပ် ၃၀၀၀၀၊ အထွေထွေသုံးစရိတ်တို့ကို လှူဒါန်းကြပြီး (၁၆)ကြိမ်မြောက် သစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ပထမပတ်တွင် ဆင်ဖြူရှင်ဘုရားတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

## အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ဥတ္တရသီရိ ဩဂုတ် ၂၆**

နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊သားဖွားမီးယပ် အထူးကုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသာ ဝန်ထမ်းများအား ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ယမန်နေ့ မွန်းလွဲပိုင်းက ရောင်းချပေးခဲ့သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ဦးတိုးတိုးဆန်ရောင်းဝယ်ရေးလုပ်ငန်းမှ မနောသုခဆန် တစ်ပြည်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့နယ်စားအုန်းဆီလက်လီအရောင်းကိုယ်စားလှယ် ဒေါ်ဝင်းသန္တာမှ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၈၃၀နှုန်းဖြင့်လည်းကောင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ကြံစိုက်တောင်သူများ ပဲစင်းငုံနှင့် နှမ်းကို ပြောင်းလဲစိုက်ပျိုးလာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းရှိ ကြံစိုက်ဒေသများတွင် ပဲစင်းငုံနှင့် နှမ်းကို ပြောင်းလဲစိုက်ပျိုးလာကြောင်း တောင်သူများထံက သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း သကြားစက်များက ကြံဖိုးငွေနှင့် ကြံစရန်ပေးချေမှု နောက်ကျနေသောကြောင့် တောင်သူများအနေဖြင့် ဝမ်းစာဖူလုံမှုရှိစေရန် ယခုလို ဈေးကွက်ဝင် ပဲစင်းငုံနှင့် နှမ်းကို ပြောင်းလဲစိုက်ပျိုးလာကြောင်း၊ ကြံရာသီတွင် ကြံအတွက်နှုန်း ကျဆင်းကာ ဝင်ငွေလျော့နည်းနိုင်သောကြောင့် ဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိနိုင်သော အခြားသီးနှံများကို မြေအနေအထားနှင့် လိုက်လျောညီထွေဖြစ်မည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်းဖြစ်ကြောင်း မောင်းကုန်းဒေသမှ ကြံတောင်သူ ဦးရွှေလီထွန်းက ပြောသည်။

"ဒီနှစ် ကြံဖိုးငွေတွေကလည်း နောက်ကျ၊ ကြံစရန်ကလည်း ထုတ်မပေးနိုင်ဖြစ်တော့ ကြံစိုက်ခင်းတွေမှာ ပေါင်းရှင်းတာတွေ၊ပေါင်းလုံးတာတွေ၊ မြေဩဇာမထည့်နိုင်တာတွေ ဖြစ်နေပါတယ်။ ဒီအတိုင်းဆိုရင် လာမည့်နှစ် ကြံရာသီမှာ ကြံအထွက်လည်း ကျဆင်းမှာဖြစ်သလို တောင်သူတွေလည်း ဝင်ငွေလျော့မှာဖြစ်လို့ ဝမ်းစာအတွက် ပဲစင်းငုံနှင့် နှမ်းကို ပြောင်းလဲစိုက်ကြပါတယ်။ ပဲစင်းငုံကတော့ ပင်ကြား၊ တန်းကြားနဲ့ သီးညှပ်အနေနဲ့ စိုက်ပါတယ်။ မိုးနှမ်းကိုတော့ အများဆုံး စိုက်ပျိုးကြပါတယ်"ဟု ၎င်းက ပြောသည်။

ပဲစင်းငုံမှာ ယခုနှစ် ဈေးကောင်းရရှိသလို တောင်သူအများစု စိုက်ပျိုးနိုင်သလောက် စိုက်ပျိုးထားကြကြောင်းနှင့် ယခင်က သီးညှပ်အဖြစ်သာ ထည့်သွင်းစိုက်ပျိုးကြသော်လည်း ယခုနှစ်တွင် ကွင်းပြည့်စိုက်ပျိုးမှုများလည်း ရှိလာသည်။ ပဲစင်းငုံကို ဇွန်လမှာ စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ရိတ်သိမ်းရသည်။

နှမ်းမှာ တောင်သူများ စိုက်ပျိုးစရိတ် အနည်းငယ်ဖြင့် စိုက်ပျိုးနိုင်တာကြောင့် တောင်သူအငယ်များ အများဆုံး စိုက်ပျိုးလာသလို ပြည်တွင်း ဆီလိုအပ်ချက်ကြောင့်လည်း နှမ်းမျိုးစုံ ဈေးကွက်ကောင်းနေသောကြောင့် အများဆုံးစိုက်ပျိုးလာခြင်းဖြစ်သည်။

ပဲစင်းငုံမှာ အိန္ဒိယ၏ ဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေရာ လက်ရှိချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ ကျော်အထိ ပေါက်ဈေးရှိနေပြီး နှမ်းမျိုးစုံမှာလည်း အမျိုးအစားအလိုက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ မှ ၅၅၀၀၀၀ အထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။



(ဝဲပုံ)

**ရွှေမန်း**

# ရွှေမင်းဝံဖလားအမျိုးသား၊ အမျိုးသမီး (အလွတ်တန်း)ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

**စစ်ကိုင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်း၍ ရွှေမင်းဝံဖလားအမျိုးသား၊ အမျိုးသမီး(အလွတ်တန်း)ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲအား ဩဂုတ် ၃၀ ရက်တွင် စစ်ကိုင်းမြို့ပိုးတန်း အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရွှေမင်းဝံဖလား ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ၌ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကြေး ငွေကျပ်သိန်း ၅၀၊ ဒုတိယဆုကြေးငွေကျပ်သိန်း ၃၀၊တတိယဆုကြေးငွေကျပ်သိန်း ၂၀ နှင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကြေးငွေကျပ်သိန်း ၃၀၊ ဒုတိယဆုကြေးငွေကျပ်သိန်း ၂၀၊တတိယဆုကြေးငွေကျပ် ၁၀သိန်းအပြင် ပြိုင်ပွဲနေ့ထောက်ပံ့ကြေးငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည် ဖြစ်သည်။

သို့ဖြစ်၍ ပြိုင်ပွဲယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း ၀၉-၄၀၂၅၇၇၇၁၉၅ ၊တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဖုန်း ၀၉-၄၀၂၅၂၃၂၈၀၀၊စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း ၀၉-၄၀၂၅၂၄၈၈၆ သို့ ဩဂုတ် ၂၇ရက် နောက်ဆုံးထား၍ စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(၀၅၇)



## ရန်ကုန်-မန္တလေးအခြေပြုပြေးဆွဲသော အဝေးပြေးယာဉ်လက်မှတ်နှုန်းများ ပြောင်းလဲ

**မန္တလေး ဩဂုတ် ၂၆**

ရန်ကုန်-မန္တလေး-နေပြည်တော်၊မန္တလေး-ပုသိမ်၊မန္တလေး-မြဝတီ အပါအဝင် အဝေးပြေးယာဉ်လက်မှတ်နှုန်းများ ဩဂုတ်တတိယပတ်မှစတင်၍ စက်သုံးဆီ ဈေးတက်လာခြင်းကြောင့် လက်မှတ်ခများ ဈေးနှုန်းပြောင်းလဲလာခဲ့သည်။ ခရီးစဉ်ပေါ်မူတည်ပြီး ယခင်ဈေးနှုန်းများထက် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀အထိ ဈေးတက်လာခဲ့သည်။

လက်ရှိ ရန်ကုန်-မန္တလေး-နေပြည်တော် ကားလက်မှတ်ဈေးနှုန်းများမှာ ရန်ကုန်-မန္တလေး အမြန်လမ်းရိုးရိုး ငွေကျပ် ၂၇၀၀၀၊ အထူးကား ငွေကျပ် ၃၅၀၀၀၊ ရန်ကုန်-ပြင်ဦးလွင် ရိုးရိုးကား ငွေကျပ် ၂၇၀၀၀၊ အထူးကား ငွေကျပ် ၃၅၀၀၀၊ မန္တလေး-ပုသိမ် ငွေကျပ် ၃၈၀၀၀၊ မန္တလေး-ပြည် ငွေကျပ် ၃၀၀၀၀၊ မန္တလေး-နေပြည်တော် ရိုးရိုးကား ငွေကျပ် ၁၇၀၀၀၊ အထူးကား၂၃၀၀၀၊ မန္တလေး-ကျောက်ဆည်-ဝမ်းတွင်း-ကူမဲ ရိုးရိုး ငွေကျပ် ၂၈၀၀၀၊ အထူးကား ငွေကျပ် ၃၈၀၀၀၊ မန္တလေး-အောင်လံ-ပြည် ရိုးရိုးကား ငွေကျပ် ၃၀၀၀၀၊ မန္တလေး-တာချီလိတ် ငွေကျပ် ၁၅၀၀၀၀၊ မန္တလေး-ကျိုင်းတုံ ငွေကျပ် ၁၄၀၀၀၀၊ ရန်ကုန်-ကျောက်ပန်းတောင်း-ပုဂံညောင်ဦး-ပုပ္ပါး-ငါ့သရောက် ငွေကျပ် ၂၈၀၀၀၊ မန္တလေး-မြစ်ကြီးနား ငွေကျပ် ၄၀၀၀၀ တို့ဖြစ်ကြောင်း အဝေးပြေးယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များထံမှ သိရသည်။ **(အပေါ်ပုံ)(ဝ၄၅)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် တူးဖော်နေသည့် စက်ရေတွင်းအသစ်များအား မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မိတ္ထီလာ)၏ ဘဏ္ဍာရန်ပုံငွေဖြင့် စက်ရေတွင်းအသစ်များ တူးဖော်လျက်ရှိရာ အဆိုပါ စက်ရေတွင်းသစ်များ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား၊ ဩဂုတ် ၂၄ရက် နံနက် ၁၁ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြို့နေလူထု သောက်သုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် အသစ်တူးဖော်ဆောင်ရွက်နေသည့် ၈ လက်မ စက်ရေတွင်း သုံးတွင်းအနက် အင်တောကျေးရွာအုပ်စု အင်တောကျေးရွာတွင် တူးဖော်နေသည့် စက်ရေတွင်း အမှတ်(၄) နှင့် အမှတ်(၅)တို့၏ တူးဖော်ပြီးစီးမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးရာ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်မြသက်နှင်းတို့က စက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။



အဆိုပါစက်ရေတွင်း အမှတ်(၄)နှင့် အမှတ်(၅)မှာ ၈လက်မ စက်ရေတွင်းများဖြစ်ပြီး၊ တွင်းအမှတ်(၄)တွင် ပေ ၃၅၀၌ ရေစတင်တွေ့ရှိကြောင်းနှင့် တွင်းအမှတ်(၅)တွင် ပေ ၃၇၀၌ ရေစတင်တွေ့ရှိကြောင်း သိရပြီး၊ ယနေ့အထိ တွင်းနှစ်တွင်းလုံး၏ တူးဖော်ပြီးစီးမှု ရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၅၆)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုင်းဝီးစေတီ - နမ့်ဖက်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert တစ်စင်း ပျက်စီးမှုဖြစ်ပွား

**မိုင်းဖြတ် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ဩဂုတ် ၂၄ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ပန်ကျေးရွာအုပ်စု၊ မိုင်းဝီးစေတီ-နမ့်ဖက်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert တစ်စင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ညနေပိုင်းက မိုးအဆက်မပြတ်



ရွာသွန်းခြင်းကြောင့် နမ့်ဖက်ချောင်းရေတိုက်စားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ၁၃ ဒသမ ၉၆၁ သန်းဖြင့် ဆောင်ရွက်သည့် ၁၀ပေ Box Culvert တံတားတစ်စင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။ အဆိုပါတံတားပျက်စီးမှုကြောင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာနေပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ယာယီဝါးတံတား ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

## ပြည်ပသို့ ပြောင်းတန်ချိန် ၂ သန်းကျော် တင်ပို့ခဲ့ပြီးဖြစ်၍ လျာထားချက်ထက်ကျော်လွန်

**မန္တလေး ဩဂုတ် ၂၆**

ပြည်ပသို့ တစ်နှစ်လျှင် ပြောင်းတန်ချိန် တစ်သန်းခွဲကျော် တင်ပို့ရန် လျာထားသော်လည်း ၂၀၂၄ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လ ဒုတိယပတ်ထိ ကာလအတွင်း ပြောင်းတန်ချိန် ၂ သန်းကျော် တင်ပို့နိုင်ခဲ့သဖြင့် လျာထားချက်ထက်ကျော်လွန် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

ပြောင်းမှာ ပြည်ပဝယ်လိုအားကောင်းသဖြင့် ယခုနှစ်တွင် ယခင်နှစ်များထက် ဈေးကောင်းရရှိခဲ့ပြီး ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ရရှိသည့် ကာလအတွင်း ထိုင်းနိုင်ငံသို့ ၁ ဒသမ ၆ သန်းကျော်တင်ပို့ခဲ့ကြောင်း ၄င်းအသင်းမှ တာဝန်ရှိသူက ပြောသည်။

"ပြောင်းတင်ပို့မှုက ဒီနှစ်မှာ ထူးထူးခြားခြားပဲ Export ရာသီ မကုန်မီ လျာထားချက် ကျော်လွန်ခဲ့တယ်။ ထိုင်းနိုင်ငံက မြန်မာပြောင်းကို ဩဂုတ် ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်ပေးထားတော့ အများဆုံးတင်ပို့ခဲ့တယ်။ ပြောင်းတင်ပို့မှုပုံစံက အရင်နှစ်တွေလိုမဟုတ်ဘဲ Border Trade ထက် Normal Trade နဲ့ တင်ပို့ခဲ့တယ်"ဟု ၄င်းကပြောသည်။

ယခုနှစ်တွင် ပြောင်းဈေးမှာ ပြည်ပတင်ပို့မှုကြောင့် အပြောင်းအလဲမြန်ဆန်ပြီး အတက်ဘက်သို့ ရောက်ရှိခဲ့ရာ ဩဂုတ်လလယ်ထိ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ကျော် ပေါက်ဈေးရှိကြောင်း၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ဖေဖော်ဝါရီလများတွင် ပြောင်းတစ်ပိဿာ ငွေကျပ် ၉၀၀ ဝန်းကျင်မှ မတ်၊ ဧပြီတွင် ငွေကျပ် ၁၂၀၀ ဝန်းကျင်၊ ဇွန်၊ ဇူလိုင်တွင် ငွေကျပ် ၁၅၀၀ ဝန်းကျင်မှ ယခုလတွင် ငွေကျပ် ၁၆၀၀ ဝန်းကျင် ပေါက်ဈေးရှိသည်။

"Export ရာသီ ကုန်သလောက်ဖြစ်နေပြီ။ အများစုက ထိုင်းနိုင်ငံကိုပို့တာ အခွန်ကင်းလွတ်ခွင့်ကာလကျော်သွားရင် စာချုပ် ချုပ်ထားတဲ့ အခြားနိုင်ငံတွေကို တင်ပို့မှာပါ။ ဒါပေမယ့် တင်ပို့မှုပမာဏနည်းမယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ပြောင်းလိုအပ်ချက်ရှိနေပေမယ့် ပြည်တွင်းပြောင်းစိုက်ပျိုးထုတ်လုပ်မှုက ဒီနှစ် လျော့ကျသွားတယ်"ဟု ၄င်းက ဆက်လက်ပြောသည်။

သွင်းအားစုများ ဈေးမြင့်တက်ခြင်းကြောင့် လာမည့် ပြောင်းရာသီတွင် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျသွားသည့်အတွက် ဈေးကွက်တွင် ရောင်းလိုအားနည်းသွားနိုင်သော်လည်း လာမည့်နှစ်တွင် လက်ရှိပေါက်ဈေးဖြစ်သည့် တစ်ပိဿာငွေကျပ် ၁၆၀၀ ဝန်းကျင်မှာ အခြေခံဈေးဖြစ်လာနိုင်ပြီး စိုက်ပျိုးသူများ ဈေးကောင်းရနိုင်ကြောင်း သိရသည်။



**(ဝဲပုံ)(မန္တလေးနေ့စဉ်-၉)**

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါးမျိုးစေ့ထုတ်ကွက်နှင့် ပန်းတိုင်အထွက်ရရှိရေး စံပြကွက် ဧက ၄၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိ

**ကျွန်းလှ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါးစိုက်ပျိုးလျက်ရှိရာ မျိုးစေ့ထုတ်ကွက်နှင့် ပန်းတိုင်အထွက်ရရှိရေး စံပြကွက် ဧက ၄၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးစပါးမျိုးစေ့ထုတ် စံပြကွက် ဧက ၁၃၀၊ ပန်းတိုင်အထွက်ရရှိရေး စံပြကွက် ဧက ၃၀၀ လျာထားစိုက်ပျိုးလျက်ရှိပါတယ်။ တောင်သူတွေ ဆက်လက် စိုက်ပျိုးနေကြပြီး စိုက်နည်းစနစ် မှန်ကန်ရေးနဲ့ ကောက်ကွက်ပြည့်မီရေးအတွက် ကွင်းဆင်းပညာပေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်ထိ ၂၉၅၇၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စံပြကွက်များစိုက်ပျိုးခြင်းဖြင့် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံပြီး မျိုးကောင်း၊ မျိုးသန့်များ ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)(၄၈၀)**



## ဥပဒေဆိုင်ရာ အခြေခံအသိပညာပေးဟောပြောပွဲ ကျင်းပ



**ကန့်ဘလူ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဥပဒေဆိုင်ရာ အခြေခံအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဥပဒေဆိုင်ရာ အခြေခံအသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်လှလှငြိမ်းက တရားရေးဆိုင်ရာ ဥပဒေအကြောင်းအရာသိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်ဇင်ထွန်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယရဲအုပ် ထင်လင်းအောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြရာ တက်ရောက်လာကြသော ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ ခရိုင်ပညာရေးမှူး ဦးသန်းထိုက်၊ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမျိုးနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းကျော်၊တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၉၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဓါပုံ) (၄၈၀)**

## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းစံ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊မိုင်းစံမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မိုင်းစံမြို့အခြေခံပညာအထက်တန်းကျောင်း စကားဝါဆောင်ခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က မိုးရာသီကာလတွင် ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ခြင်မှ ကူးစက်တတ်သည့် ရောဂါများအကြောင်း၊ မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန်အတွက် အစာအာဟာရများကို သင့်တင့်မျှတအောင် စားသုံးသင့်သည့် အစားအစာများအကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးကောင်းမွန်ပြီး အတန်းပညာများကို ကောင်းမွန်စွာ သင်ကြားနိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မိမိတို့၏ တစ်ကိုယ်ရေသန့်ရှင်းရေးများ အထူးဂရုပြုရန်လိုအပ်ကြောင်း ဟောပြောသည်။

အဆိုပါကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူ ၂၅၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

**တံတားဦး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်၊စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ စာရေးဆရာ နတ်သျှင်(ရွှေဂူ) ရေးသားသော "လူငယ်များကို ပျိုးထောင်ပေးပါ" စာအုပ်အား စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ကောင်းစွာပြောဆိုနိုင်ပါစေဆိုသည့်စကားအတိုင်း လူတိုင်း နေ့စဉ်စကားပြောနေကြပါကြောင်း၊စကားပြောခြင်းသည် လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးဆက်သွယ်သည့် နည်းဖြစ်ကြောင်း၊ အသုံးများဆုံးသော ဆက်သွယ်နည်းဖြစ်ကြောင်း၊ လူတို့သည် နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်သည့်အချိန်အထိ အကြောင်းအမျိုးမျိုးနှင့် စပ်လျဉ်း၍ စကားအမျိုးမျိုးကို ပြောဆိုနေကြပါကြောင်းနှင့် စာအုပ်ပါ အကြောင်းအရာများဖြစ်သည့် "နှုတ်ကတိ" နှင့် "လူကြီးနှင့်စကားပြောလျှင်" စသည့် အကြောင်းအရာများကိုလည်းကောင်း၊ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင် ဦးမျိုးမြင့်က "စကားတတ်နှင့် စကားကပ်"၊ "နေရာသိ၍ ပြောဆိုပါ" နှင့် "မလိုအပ်သောဆိုစကား" စသည့်အကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာကြသော စာပေဝါသနာရှင်များက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါစာဖတ်ဝိုင်းသို့ မြို့နယ်စာအုပ်၊ စာစောင်ချစ်နိုးသူများအသင်းဝင်များ၊ မြို့နယ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၀၉)**



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## အမှိုက်ကား

* အမှိုက်ကားကြီး လာပါပြီ
ခေါင်းလောင်းသံလေးမြည် ။
နေ့စဉ်ပုံမှန် သူလာပေး
မြို့တော်သန့်ရှင်းရေး ။
ဟိုဝင်၊ ဒီထွက် သွားရောက်ကာ
အမှိုက်သိမ်းဆည်းလာ ။
မမောမပန်း သူဆောင်ရွက်
မြို့လူထုအတွက် ။

* ကျန်းမာမှုနဲ့ ပြည့်ဝအောင်
အမြဲအကျိုးဆောင် ။
မြို့သန့်ရှင်းမှ စိတ်ရွှင်ကြ
ပြည်သူတွေဆန္ဒ ။
ဘာပဲဖြစ်ဖြစ် ရှေ့ဆက်ကာ
အမှိုက်သိမ်းမယ်ဗျာ ။
ဘယ်သူတွေက ဘာပြောပြော
တို့ကကိုလူချော ။

* ကိုလူချောလေး ရောက်လာရင်
အားလုံးပြုံးပျော်ရွှင် ။
အမှိုက်အိတ်တွေ ကမ်းလို့ပေး
ယူလိုက်မယ်မနေး ။
ယာဉ်ပေါ်အမှိုက် ပြည့်ရင်ကွယ်
သေချာဖုံးအုပ်မယ် ။
သတ်မှတ်နေရာ စွန့်ကာပစ်
ပြည်သူတွေကချစ် ။

* အပြင်ပန်းက ကြည့်ရင်သာ
တို့ကမလှတာ ။
ရင်ထဲဝင်ကြည့် ဖြူအတိ
မြို့နေလူထုသိ ။
ပြည်သူအားဖြည့် ပါဝင်ရင်
တကယ်အလုပ်တွင် ။
မန်းမြို့တော်ကြီး သန့်ရှင်းဖို့
ဝိုင်းဝန်းထိန်းသိမ်းစို့ ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

## သတင်းပဒေသာ

### အသားဆိုင်များ၌ ပြည်သူများ သက်သာစွာဝယ်ယူစားသုံးနိုင်ရေး ဆောင်ရွက်ပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စားသုံးသူပြည်သူများ သက်သာစွာစားသုံးနိုင်ရေးအတွက် မြို့သစ်မြို့နယ် စည်ပင်သာယာဈေးကြီးရှိ အသားဆိုင်များ၌ လက်ရှိမြေပြင်တွင် ဖြစ်ပေါ်ရောင်းချလျက်ရှိသော အသား(အမဲ၊ ဝက်၊ ဆိတ်)ဈေးနှုန်းများအား ဗီနိုင်းဆိုင်းဘုတ်များဖြင့် လျှော့ချသတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ရောင်းချစေရေးအဖွဲ့ ဝန်ထမ်းများက ဩဂုတ် ၂၃ရက် နံနက်ပိုင်းက စောင့်ကြပ်ကြည့်ရှုစစ်ဆေးများကို ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၄)ကို ယမန်နေ့ နံနက် ၉ နာရီက ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်

မိုင်းဆတ်မြို့နယ်၊ လွယ်ဆောင်ကျေးရွာအုပ်စု၊ လွယ်ဆောင်ကျေးရွာ၌ နိုင်ငံတော်အစိုးရက ပြည်သူများအသိပညာဗဟုသုတများတိုးပွားစေရန်နှင့် စာအုပ်စာစောင်များအလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်မှ မ,တည်ထောက်ပံ့လှူငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အဆိုပါကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်မည့် မြေနေရာတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ်၂၃ ရက် နံနက်ပိုင်းက အမှတ်(၉)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### အဆင့်မြင့် RC နှစ်ထပ် ဈေးရုံသစ်ကြီး တည်ဆောက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးအနောက်ဘက်ခြမ်းရှိ အဆင့်မြင့် RC နှစ်ထပ်ဈေးရုံသစ်ကြီး တည်ဆောက်ပြီးစီးမှုအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက် ၉ နာရီက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### လူထုအခြေပြု ဗဟိုဌာနတွင် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်ဆိုင်ရာ စွမ်းရည်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်း စကားဝါဆောင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ငွေများလာရောက်လှူဒါန်း



**မန္တလေး ဩဂုတ် ၂၆**

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ရွှေသင်္ကန်းကပ်လှူရန်နှင့်ချိတ်ဆွဲရန် ရတနာပစ္စည်းများ၊ ရွှေထည်များလာရောက်လှူဒါန်းလျက်ရှိသည်။ ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက စင်ကာပူနိုင်ငံနေ ဦးတင်အေးကျော် +ဒေါ်နွယ်နီကို မိသားစုက ဘက်စုံပြုပြင်ရန်ငွေကျပ် ၁၁၀၀၀၀ တို့ကို မဟာမုနိဘုရားမိုးကောင်းဓမ္မာရုံတွင် လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင် ဦးကျော်ကျော်ဦး၊ ဦးအောင်နိုင်ဆွေ၊ ဦးထွန်းထွန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730 20610044910 1 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 0171301000 12259 နှင့် နိုင်ငံခြားငွေစာရင်း အမှတ် 017012100000750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

* — * — * — * — *

## ဝါတွင်းကာလ အဖိတ်နေ့ ပင်းတယမြို့ပေါ် ဘုန်းတော်ကြီးကျောင်း(၂၂)ကျောင်း၊ သံဃာအပါး(၄၂၈)ပါးအား အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပ



**ပင်းတယ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံ၏ ဆွမ်းလောင်းလှူရန်ဌာန၌ ယနေ့ နံနက် အရုဏ်တက်ချိန်တွင် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော်အပါး ၄၂၈ပါးအား အရုဏ်ဆွမ်းလောင်းလှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါသံဃာတော်များအား ဆွမ်းများလောင်းလှူနိုင်ရန် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကျော်သူရ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နှင့် အသင်းသား၊ အသင်းသူများက ချက်ပြုတ်ဆောင်ရွက်ပေးမှုများဖြင့် ဆွမ်းအလှူရှင် ပင်းတယမြို့နေ ဦးနေဝင်း ဇနီး ဒေါ်သဲမာ မိသားစု၊ ဦးသိန်းဝင်းအောင် ဇနီး ဒေါ်ပွံ့ပွံ့ မိသားစု၊ ဦးပလောင်နှင့် သူငယ်ချင်းများတို့မှ ဆွမ်းတော်နှင့် ဆွမ်းဟင်းများ ဝက်အာလူးဟင်း၊ ပန်းမုန်လာကြော်၊ ခရမ်းချဉ်သီးသုပ်၊ ဘူးသီးဟင်းရည် စသည့် ဆွမ်းဟင်းများဖြင့် လောင်းလှူခဲ့ကြမှုကို ဆွမ်းလောင်းအသင်းသားများက ဝေယျာဝစ္စကုသိုလ်များ ပြုလုပ်ခဲ့သည်။

ယနေ့ဝါခေါင်လပြည့်ကျော် ၇ ရက် ဝါတွင်းကာလ အဖိတ်နေ့ နံနက် အရုဏ်ဆွမ်းလောင်းလှူပူဇော်ပွဲတွင် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းအသင်းဝင်များ၏ ဆောင်ရွက်စီမံပေးသည့် ဆွမ်းတော်ဆွမ်းဟင်းတော်များ ဆက်ကပ်လောင်းလှူပူဇော်ပွဲ၌ အလှူရှင်မိသားစုများနှင့်အတူ နီးစပ်ရာရပ်ကွက်အချို့မှ ဒေသခံပြည်သူများ တတ်အားသမျှချက်ပြုတ်၍ လာရောက်လောင်းလှူပူဇော်ပေးခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၃၈)

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများစဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ဘာသာရပ်အသီးသီးမှတင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တပြေးညီ ထောက်ပံ့ပေးလျက်ရှိသည်။ ဩဂုတ် ၂၅ ရက်က မြို့တော်ဆေးရုံတွင် ဆီးလမ်းကြောင်းကျောက်တည်၍ ခွဲစိတ်ကုသမှုခံယူနေသော မြန်မာစာဌာန၊ ပါမောက္ခဌာနမှူး(ငြိမ်း)ဒေါက်တာမောင်မောင်လေးအား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ဝင်များက ဆေးရုံသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် သုံးသိန်းပေးအပ်၍ ကျန်းမာရေးမေးမြန်း အားပေးစကားများ ပြောကြားခဲ့ကြသည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှစပြီး ၂၀၂၄ ခု ဩဂုတ် ၂၅ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၀၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၀၈ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၄၅)



### ကျောင်းကျန်းမာရေး စစ်ဆေးခြင်းများဆောင်ရွက်

**မင်းဘူး ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးခြင်း၊ မျက်ခမ်းစပ်ရောဂါကာကွယ်ရေးနှင့်စစ်ဆေးပေးခြင်းများကို သီရိမင်္ဂလာ အခြေခံပညာမူလတန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မင်းဘူးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲထက်အောင်က ကျောင်းသား၊ ကျောင်းသူလေးများအား သွားနှင့်ခံတွင်းကျန်းမာရေးအတွက် စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့သည်။ (၅၀၄)

# မြန်မာ့မြေယာကို အလှဝေဆာစေရမည်

စန်းနီလာဝင်း

**'တို့နန္ဒာ လယ်တော်တိုက်မအေ့**
**ညည်းစိုက်တဲ့ ကောက်သွယ်ငယ်**
**မှန်းဘယ်မျကြီး**
**ပောကြည့်စမ်း 'မွှန်'**
**(မွှန်သည်အပေါင်းအသင်းရောင်းရင်းကို**
**ဆိုလိုပါသည်)**
**တစ်နံ့ကိုဆယ်ပြည်ထွက်တယ်**
**ဖြိုးအက်လို့သီး၊**
**တို့ နန္ဒာကန်တော်လယ်မှာ**
**နှိုင်းဖွယ်ရှိဘူး**
**အကျွန်စိုက်တဲ့ပျိုးကောက်ပင်**
**ဆင်ပေါက်ကယ် ဆယ်ကောင်ဝင်တော့**
**ရှာမမြင် အနံ့ဖူး**
**သုံးထွာကကြိုး'**

ဖော်ပြပါ 'ကောက်စိုက်သမအဖွဲ့'သည် ရတနာပုံခေတ်မင်းတုန်းမင်းလက်ထက်တွင် ကန်၊ ချောင်း၊ ဆည်မြောင်းများ ရေပြည့်၍ စပါးသီးနှံအထွက်ကောင်းမွန်လှပုံတို့ကိုလည်းကောင်း၊ စပါးအထွက်နှုန်းကောင်းမွန်၍ ကောက်စိုက်သမ၊ တောင်သူတို့ ကြည်နူးအားရပီတိသောမနသသ ဖြစ်ခဲ့ရပုံများကို လယ်ဝန်မင်း 'ဦးစီ'ဆိုသူက ရေးဖွဲ့ဂုဏ်ပြုခဲ့ခြင်းပင်ဖြစ်ပါသည်။

**စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်နေမှ တိုင်းပြည်ဖူလုံသာယာဝပြောမည်**

ပုဂံခေတ်ကတည်းကပင် အမိမြန်မာပြည်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံထားရသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်ကြောင်း၊ ပုဂံမင်းများလက်ထက်တွင် လယ်ယာကိုအထူးဂရုပြု၍ ဘုရင်များကိုယ်တိုင် ဦးဆောင်ထွန်ယက်စိုက်ပျိုးခဲ့ကြောင်း ပုဂံခေတ်ကျောက်စာများက သက်သေခံလျက်ရှိပါသည်။ သာဓကအားဖြင့် ''ဥဇနာမင်းလက်ထက်တွင် လယ်ယာများ မဖြစ်ထွန်းဘဲ လယ်တစ်ပယ်လျှင် ငွေကျပ် ၁၀ မျှသာ တန်ဖိုးကျဆင်းသွားခဲ့ရာ ထိုစဉ်က ကျေးဇူးတော်ရှင်ဆရာတော် 'ရှင်မဟာကဿပ'က လယ်ယာများကို ဝယ်ယူကာ ရဟန်းသံဃာအပေါင်းနှင့် ထွန်ယက်လုပ်ကိုင် စံနမူနာပြခဲ့သောကြောင့် ပြည်သူအများအပြားက အပြိုင်အဆိုင်လယ်ယာလုပ်ကိုင်လာကြသဖြင့် လယ်ယာများတစ်ဖန်ပြန်လည်ဖွံ့ဖြိုးလာကြောင်း'' ပုဂံကျောက်စာများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

**အထွက်တိုး အမျိုးမှန် အဖိုးတန်ကောက်ပဲသီးနှံများ ပြည်လုံးလျှံပါစေ**

အမိပြည်ထောင်စုမြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံသားအားလုံးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စားနပ်ရိက္ခာများကို ထုတ်လုပ်ပေးရုံမျှမက ဒုတိယနှင့် တတိယအခြေခံလိုအပ်ချက်များဖြစ်သည့် အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်းအများစုကို ထုတ်လုပ်ပေးရာ အခြေခံလည်းဖြစ်သည်။

အခြားစီးပွားရေးကဏ္ဍများက လိုအပ်သည့် ကုန်ကြမ်းသယံဇာတများ၊ စားနပ်ရိက္ခာများနှင့် လုပ်အားလိုအပ်မှုများကို စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်သည်။ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံး အရင်းအမြစ်တစ်ခုဖြစ်သည့် 'အရင်းအနှီးစုဆောင်းမှု' (Capital accumulation)ပြုနိုင်အောင် စားသုံးမှုလိုအပ်ချက်များကို ဖြည့်ဆည်းရုံမျှမက 'ဈေးကွက်တွင် ရောင်းချရန် အပိုအလျှံများသို့မဟုတ် နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်သည့် အပိုအလျှံများ' (Marketable surplus/ exportable surplus)ကိုလည်း ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့်အပြင် နိုင်ငံဝင်ငွေတိုးပွားရေးကိုပါ များစွာအထောက်အကူပြုပါသည်။

နိုင်ငံအတွင်းရှိ လူအများစုကိုလည်း အလုပ်အကိုင်ပေးထားနိုင်သည့်အပြင် စက်မှုလက်မှုနှင့် အခြားကုန်ချောထုတ်လုပ်ငန်းများမှ ထုတ်လုပ်သည့် လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး လယ်ထွန်စက်နှင့် အခြားစက်ကိရိယာများ၊ စက်သုံးဆီများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကဲ့သို့သော ခေတ်မီလယ်ယာစိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများ (Modern Inputs)ကို ဝယ်ယူသုံးစွဲရာ အဓိကဈေးကွက်ကြီးဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာလေလေ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ ဝင်ငွေနှင့်လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာခြင်းဖြင့် အခြားစီးပွားရေးကဏ္ဍများတွင်ပါ ထုတ်လုပ်မှုတိုးတက်အောင် များစွာအထောက်အကူပြုပါသည်။

နိုင်ငံတကာ စီးပွားရေးဆိုင်ရာနယ်ပယ်တွင် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဖြစ်နေစေကာမူ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းသည် စက်မှုနိုင်ငံများ မဟုတ်ကြသည်ကို သတိပြုဖို့လိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးမွေးမြူရေးကို ခေတ်မီတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်သည့်သာဓကများရှိသည်ကို တွေ့ရပါသည်။ သာဓကအားဖြင့် ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ လူဇင်းဘက်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံတို့သည် အဓိကအားဖြင့် 'စိုက်ပျိုးမွေးမြူရေးနှင့် မူလကုန်စည်များ' (Primary Products) ထုတ်လုပ်တင်ပို့ရောင်းချမှုအပေါ်တွင် အခြေခံပြီး အခြားစီးပွားရေးများကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်မှ ဖွံ့ဖြိုးပြီးနိုင်ငံများအဖြစ် ရပ်တည်လာနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ထိုနိုင်ငံကြီးများသည် ယခုအချိန်အထိ စက်မှုထိပ်သီးနိုင်ငံကြီးများမဟုတ်ကြသေးပါ။ ယနေ့ထိပ်တန်းစက်မှုနိုင်ငံကြီးတစ်နိုင်ငံဖြစ်နေသော ဂျပန်နိုင်ငံသည်လည်း ဖွံ့ဖြိုးမှုအစောပိုင်းကာလတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံပြီးမှ အခြားစီးပွားရေးကဏ္ဍများကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ဦးတည်ချက် (၉)ရပ်အနက် စီးပွားရေးဦးတည်ချက်(၃)ရပ်တွင် ပထမအချက်အနေဖြင့် 'စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး'ဟူသော ဦးတည်ချက်တစ်ရပ်ပါရှိပါသည်။ ထိုစီးပွားရေးဦးတည်ချက်သည် သီအိုရီသဘောအရ မှန်ကန်သည့်အပြင် မြန်မာနိုင်ငံ၏စီးပွားရေးအတွေ့အကြုံများအရ လက်တွေ့ကျလှသည်မှာ ခိုင်မာထင်ရှားပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ပကတိအခြေအနေများအရ အသင့်တော်ဆုံးစီးပွားရေး မဟာဗျူဟာတစ်ရပ် ဖြစ်နေပါသည်။

**နိုင်ငံစီးပွားတိုးတက်ဖို့ စိုက်ပျိုးမွေးမြူမြှင့်တင်စို့**

စိုက်ပျိုးမွေးမြူရေး၏ ဆောင်ရွက်ချက်များ၊ စွမ်းဆောင်အထောက်အကူပြုနိုင်မှုများကို လေ့လာဆန်းစစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အရှိန်အဟုန်မြှင့် လျင်မြန်စွာတိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံသားများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စားနပ်ရိက္ခာလိုအပ်မှုကို ဖြည့်ဆည်းပေးခြင်းဖြင့် ကိုယ်စိတ်လုံခြုံမှုနှင့် တည်ငြိမ်မှုကို ဖြည့်ဆည်းပေးခြင်းမည်ပါသည်။ တစ်နည်းအားဖြင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးသော နိုင်ငံဖြစ်ရေးအတွက် အခြေခံဖြစ်သည့် စီးပွားရေးအရ တည်ငြိမ်မှုကို ဖြည့်ဆည်းပေးခြင်းပင် ဖြစ်ပါသည်။

ပြည်တွင်းစားသုံးမှု ဖူလုံစိတ်ချရရုံမျှမက ပိုလျှံအောင် ဦးစားပေးထုတ်လုပ်နိုင်ပြီး အရေးပေါ်သုံးစွဲရန်လိုအပ်သော 'စတော့လက်ကျန်' (Stock balance) သိုလှောင်ထားရှိပြီး ပိုလျှံသည်များကို နိုင်ငံခြားသို့တင်ပို့ရောင်းချရာမှ နိုင်ငံခြားဝင်ငွေတိုးတက်စေပါသည်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သော အရင်းအနှီးများစုဆောင်းမှုများကို ပြုလုပ်နိုင်ရန် အဓိကဇစ်မြစ်တစ်ခုလည်း ဖြစ်နေပါသည်။

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်လားရာများကို လေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါးစိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်တင်ပို့ရောင်းချခြင်းစသည့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲပြင်ဆင်ရမည့်အစီအစဉ်များ၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်ရန် ရည်ရွယ်ချက်တို့ဖြင့် 'မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂' (Myanmar Rice Conference 2022)ကို လွန်ခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်က ကျင်းပပြုလုပ်ခဲ့သည်ကို ပြန်လည်အမှတ်ရနေမိပါသည်။

ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်မည့် အလားအလာရှိသည့် ပို့ကုန်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများရရှိစေနိုင်မည့် (Quick Win) အစီအစဉ်တစ်ခုလည်း ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင် စိန်ခေါ်မှုများစွာ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတိုင်းက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ဦးတည်၍ မူဝါဒမျိုးစုံ ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် ဆန်စပါးကဏ္ဍကို ယခင်ကထက် ပိုမိုဦးစားပေးထုတ်လုပ်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံကြွယ်ဝပိုလျှံရေးဟူသော အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အမိမြန်မာပြည် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြပြီး စိုက်ပျိုးမွေးမြူရေးကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ခြင်းကြောင့် နိုင်ငံတော်ကလည်း နိုင်ငံသားများအားလုံး စားနပ်ရိက္ခာ ကြွယ်ဝဖူလုံပိုလျှံရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ အစားအသောက်များ ဘေးကင်းလုံခြုံစိတ်ချရေး၊ အဖိုးတန် အမျိုးမှန် မြန်မာ့တန်းမြင့်ဆန်ကို ပြည်ပဈေးကွက်သို့ ပိုမိုကျယ်ပြန့်စွာ တင်ပို့နိုင်ရေးကို ဦးဆောင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အချုပ်ဆိုပါလျှင် ကမ္ဘာ့နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုတည်ဆောက်ရာတွင် မိမိတို့နိုင်ငံအသီးသီး၏ ဝိသေသအခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်ပြီး လက်တွေ့ကျသည့် အယူအဆသဘောတရားများ၊ စီးပွားရေးမူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများကို ရွေးချယ်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ကြစမြဲဖြစ်ပါသည်။ အမိမြန်မာပြည်အနေဖြင့်လည်း မြန်မာ့ ရေခံ၊ မြေခံ၊ ရာသီဥတု၊ သဘာဝသယံဇာတများနှင့် လိုက်လျောညီထွေဖြစ်မည့် စီးပွားရေး မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ မြန်မာ့ရေမြေသဘာဝ ရာသီဥတုနှင့်ကိုက်ညီသင့်လျော်သည့် စီးပွားရေးဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရာတွင် 'စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး'ဟူသော စီးပွားရေးဦးတည်ချက်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်နေခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့မြေယာကို အလှဝေဆာနေစေရမည်'ဟူသော ခံယူချက်ဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် တိုးတက်လာသည်နှင့်အမျှ မြန်မာ့ခနေစီးပွားဥစ္စာတို့မှာလည်း ရေဇလာဖြစ်သည်နှင့်အမျှ ရွှေကြာပွင့်တင့်တယ်နေသကဲ့သို့ မလွဲဧကန်ရှိလာမည်ဖြစ်ပါကြောင်း ရေးသားတိုက်တွန်းအပ်ပါသည်။

## ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မိုင်းယောင်း ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးလောထွေး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့အား ရုံးစစ်ဆေးခြင်းလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၅၀၅)**

## ထန်းသုံးပင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့်စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ Digital Financing Payment စနစ်ဖြင့် ရန်ပုံငွေကျပ် ၃၄ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ထန်းသုံးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၁၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၇ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၉ ဒသမ ၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် ၃၄ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**





## မိုးနှမ်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းကာ ဈေးကောင်းရရှိ

**မင်းဘူး ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးသည့် မိုးနှမ်းသီးနှံများကို လယ်ယာမြေများတွင် မေလလယ်ခန့်မှ စတင်စိုက်ပျိုးထားရှိရာ နှမ်းများအပင်အားကောင်း၍ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်း ကောင်းကာ ဈေးကောင်းရရှိကြကြောင်း ရေပုတ်ကျေးရွာ နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် မေလလယ်ခန့်က ရွာသွန်းခဲ့သည့် မိုးရေအစိုဓာတ်ဖြင့် မိုးနှမ်းများကို စတင်ထွန်ယက် စိုက်ပျိုးခဲ့ကြသည်။ ယခုအခါနှမ်းသီးနှံ ရိတ်သိမ်းချိန်တွင် အထွက်နှုန်းကောင်းပြီး နှမ်းဈေးနှုန်းများလည်း ကောင်းကာ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၂၃၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၂၃၀၀၀ ဈေးဖြင့် ရောင်းချရသည်။

ယခုအချိန်တွင် တောင်သူများအနေဖြင့် မိုးနှမ်းများရိတ်သိမ်းနေပြီး နှမ်းရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်း၊ ပဲပုပ် စသည့် သီးနှံများကို ထပ်မံစိုက်ပျိုးသွားမည်ဟုသိရကာ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးထပ်၊ သီးညှပ်များစိုက်ပျိုးရန်အတွက် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်များကိုလည်း ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း ရေပုတ်ကျေးရွာ နှမ်းစိုက်တောင်သူကိုပြားကြီးထံမှ သိရသည်။

**(အပေါ်ဝဲပုံ) (၅၀၄)**

## ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ချေးငွေများ ထုတ်ချေးပေး

**ကျောက်ဆည် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိရေး၊ ရရှိသော ငွေကြေးအရင်းအနှီးဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရေး၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာပိုင် မ,တည်ရန်ပုံငွေထူထောင်၍ ငွေကြေးအကျိုးအမြတ်များရရှိစေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ဒေသများတွင် ကျေးရွာမ,တည်ရန်ပုံငွေ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ပင်တလည်ကျေးရွာအုပ်စု၊ ထားဝယ်ကျေးရွာတွင် ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်းချေးငွေများ(ပဋ္ဌမအကြိမ်) လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

စီမံကိန်းငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက ထားဝယ်ကျေးရွာပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းအဖြစ် မ,တည်ရန်ပုံငွေများ ထုတ်ချေးပေးခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိရာ ပြည်သူများ၏ စည်းလုံးညီညွတ်မှုကြောင့် လုပ်ငန်းများအောင်မြင်လျက်ရှိပါကြောင်း၊ ယခုအခါ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေများကို (ပဋ္ဌမအကြိမ်) အဖြစ် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိသားစုအကျိုးပြုလုပ်ငန်းများတွင် သုံးစွဲသွားကြပြီး ရပ်ရွာအကျိုးဖြစ်စေမည့်လုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းချေးငွေများကို စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၈ ဦးအား ငွေကျပ် ၁၂၅သိန်းနှင့် အရောင်းအဝယ်လုပ်ကိုင်သူ ၁၀၈ ဦးအား ငွေကျပ် ၂၄၂ သိန်းတို့ကို ပြည်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်းနှင့် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ချေးငွေများအပြင် ဘဏ္ဍာနှစ်အလိုက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများ ထုတ်ချေးပေးခြင်း၊ ကျေးလက်ကုန်ထုတ်လမ်းများဖောက်လုပ်ပေးခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၅)**

## ပင်ထောင်၊ ပင်ပြန့် မိုးလယ်မြေပဲများ စတင်စိုက်ပျိုး

**ညောင်ဦး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် မိုးလယ်မိုး ရွာသွန်းခဲ့သည့်မိုးဖြင့် ကျေးလက်တောင်သူများ မိုးလယ်ပင်ထောင်၊ ပင်ပြန့် မြေပဲများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ကျေးလက်တောင်သူများထံက သိရသည်။

ညောင်ဦးမြို့နယ်တွင် ကျေးလက်နေတောင်သူများသည် မိုးရာသီတစ်သီသာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရသည့်ဒေသဖြစ်သောကြောင့် မိုးဦးမြေပဲ၊ မိုးလယ်မြေပဲနှင့် မိုးနှောင်းမြေပဲတို့အား ဦးစားပေးစိုက်ပျိုးကြကြောင်း၊ မိုးဦးမိုး ရွာသွန်းမှုနည်းခြင်းကြောင့် မိုးနှမ်းရရှိမှုကျေးလက်တောင်သူများနည်းပါးခဲ့ကြောင်း၊ မိုးလယ်မိုးရွာသွန်းမှုကောင်းခြင်းကြောင့် ပင်ထောင်မြေပဲနှင့်ပင်ပြန့်မြေပဲများ စိုက်ပျိုးနေကြပြီဖြစ်သည်။ ယခင်နှစ်တွေကဆို ဇူလိုင် ၁၉ ရက် ၂၀ ရက်တွေမှာ စိုက်ပျိုးကြကာ ဒီရက်ပိုင်း မိုးရွာသွန်းမှုကောင်းတော့ ကဆုန်လဆန်းပိုင်းက စိုက်ထားတဲ့ မြေပဲပင်တွေအတွက်လည်း အပင်သန်ကြီးထွားလာ၍ အပွင့်ပွင့်အားကောင်းလာပြီး လာမယ့်မြေပဲသိမ်းချိန်မှာလည်း မြေပဲအထွက်နှုန်းကောင်းမွန်မှုရှိဖို့ရန် မျှော်လင့်ကြကြောင်း သိရသည်။ (ဝဲပုံ)



(၄၈၁)

## ကျေးရွာတွင်းကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၂၄-၂၀၂၅ဘဏ္ဍာရေး နှစ်၊ ဌာန၏ ငွေလုံးငွေရင်း ခွင့်ပြု ရန်ပုံငွေဖြင့် ကုန်းဇောင်းကျေးရွာ၌ ဒေသခံပြည်သူများ ရာသီမရွေး သွားရွေးလာရေး အဆင်ပြေစေရန် အတွက် ကွန်ကရစ်လမ်း အဆင့် မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက် နေမှုအား ဩဂုတ် ၂၂ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် ကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့်ဝန်ထမ်းများက ကျေးရွာ လမ်းဖြစ်မြောက်ရေးကော်မတီဝင် များနှင့်အတူ ကုန်းဇောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်နေသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအား သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေး မှာကြားခဲ့သည်။

ကုန်းဇောင်းကျေးရွာ၌ ကျေး ရွာတွင်း မြေသားလမ်းအရှည် ပေ၄၀၀အား လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဌာန၏ ခွင့်ပြုငွေရင်းရန်ပုံ ငွေကျပ် ၁၂သန်းဖြင့် ယခုနှစ် ဩဂုတ် ၁၉ရက်ကစပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်လင်းက တာဝန်ယူကြီးကြပ် ဆောင်ရွက်ခဲ့ ခြင်းဖြစ်ပြီး ယခုအခါလုပ်ငန်းများ ၇၅ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးလင်းမင်းညွှန့် ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့က ယခု၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးစေရန်နှင့် ဒေသခံပြည်သူများ လူနေမှုဘဝ မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ ဌာန၏ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံ ငွေကျပ် ၁၆၂ ဒသမ ၈၅ သန်းဖြင့် ကွန်ကရစ်လမ်း(၆)ခု၊ တံတားလုပ် ငန်း(၄)ခု၊ ရေမြောင်းလုပ်ငန်း (၁)ခုနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်း အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၁၂)ခုတို့ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)(၄၄၅)




## မိုးစပါး(၆)တန်းသွား လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**တံတားဦး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ် တွင် မိုးစပါး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက် ၉နာရီက ငါန်းဇွန် မြို့နယ် ရွာသစ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ ကွင်းအမှတ် (၉၁၈)၊ ဦးပိုင်အမှတ်(၃၁၀) တောင်သူဦးကြည်တင်၏ လယ် ကွက်တွင် ကျင်းပခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ ငါန်းဇွန် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမျိုးမင်းသိန်းနှင့် အဖွဲ့ဝင် များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြပြီး မိုးစပါး(၆) တန်းသွား လက်ဆွဲကောက်စိုက် စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ် ပြပွဲကို ကြည့်ရှုအားပေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစက်နှင့် စိုက်ပျိုးခြင်း ဖြင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးရေးဆိုင် ရာနည်းစနစ်များနှင့် သီးနှံပင် သက်တမ်းတစ်လျှောက် အပင်ပြုစု ဆောင်ရွက်သည်မှ ရိတ်သိမ်းသည် အထိ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ သွင်းအားစုများ စနစ် တကျထည့်သွင်းခြင်းနှင့် ရိတ်သိမ်း မှုတွင်လည်း လေလွင့်ဆုံးရှုံးမှုမရှိ စေရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲ စိုက်ပျိုးခြင်းဖြင့်ရရှိလာမည့် အကျိုး ကျေးဇူးများအကြောင်းကို ငါန်းဇွန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီး အရာရှိ ဦးအောင်ဆန်းလင်းထံမှ သိရှိရပြီး မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနဝန်ထမ်းများက တက်ရောက် လာကြသည့် တောင်သူများအား အသိပညာပေး လက်ကမ်းစာစောင် များ ဖြန့်ဝေပေးခဲ့သည်။

ငါန်းဇွန်မြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ မိုးစပါးဧက ၅၅၃၀ဧက လျာထားပြီး ယနေ့ အထိ ၃၆၇၁ဧက စိုက်ပျိုးပြီး ဖြစ်ပါကြောင်းနှင့် ဦးကြည်တင်၏ မိုးစပါး(၃)ဧကကို (၆)တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးကြောင်း သိရသည်။

(အပေါ်ပုံ)(၄၀၉)

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် သီးကုန်း ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ် လမ်းခင်းခြင်း လုပ်ငန်းဆောင် ရွက်နေမှုအခြေအနေကို ယမန် နေ့က တာဝန်ရှိသူများက ကွင်း ဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာ၌ မိတ္ထီလာမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ မြို့နယ်တာဝန်ခံတို့က ၂၀၂၄- ၂၀၂၅ခု ဘဏ္ဍာနှစ်တွင် နိုင်ငံ တော်ထောက်ပံ့ ရန်ပုံငွေကျပ် ၁၅သန်းနှင့် ပြည်သူထည့်ဝင်ငွေ တို့ဖြင့် အရှည်ပေ ၅၂၀၊ အကျယ် ၁၂ပေ၊ ထု၆လက်မရှိ သီးကုန်း ကျေးရွာအုပ်စု၊ သီးကုန်းကျေးရွာ ကျေးရွာတွင်း လမ်းကွန်ကရစ် လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက် နေမှုအခြေအနေကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ သည်။

မိတ္ထီလာမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်းအား နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ် ၂၅၅သန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ် သန်း ၉၁ ဒသမ ၃၀၊ စုစုပေါင်း ၃၄၆ ဒသမ ၃သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ရွာအား ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း ထံမှ သိရသည်။

(အောက်ပုံ)

(၄၆၉)

*-*-*-*-*



## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံမျိုးစုံ ၇၂၀၀၀ကျော်စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံမျိုးစုံ ၇၂၀၀၀ကျော် စိုက်ပျိုး ပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ခုနှစ် မိုးသီးနှံ မျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် စပါး၂၈၅၇၁ဧက၊ ပဲမျိုးစုံ ၁၆၉၅၀ ဧက၊ ဆီထွက်သီးနှံ ၇၃၁၉ဧက၊ ကြံ ၅၁ဧက၊ အခြားသီးနှံ ၁၇၃၅၇ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ဧက ဖြစ် သည်။

"ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်း သောက်ဖြစ်သော်လည်း ချောင်း ရေ၊ မြေအောက်ရေတင်ပြီး စိုက် ပျိုးကြပါတယ်။ ဒီနှစ်မိုးရာသီ သီးနှံမျိုးစုံစိုက်ပျိုးဖို့ ၇၆၈၅၈ဧက လျာထားပြီး လက်ရှိအချိန်ထိ ၇၂၇၉၇ဧက စိုက်ပျိုးပြီးဖြစ်ပါ တယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးသီးနှံစုံစိုက်ခင်း များ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်ရရှိရေးအတွက် ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ မျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက် နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျ ရောက်မှုကာကွယ်ခြင်း၊မလိုအပ်တဲ့ ပိုးသတ်ဆေးမသုံးစွဲရေး၊ သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်သုံးစွဲရေး စသည့် စိုက်ပျိုးရေးနည်းပညာများ ကွင်း ဆင်း အသိပညာပေးလျက်ရှိ ကြောင်း သိရသည်။

(၄၈၀)

## မန္တလေး ပဲဈေးကွက်အတွင်း ဒေသအစုံမှ မိုးမြေပဲဆန်များ အသစ်ဝင်ရောက်သောကြောင့် ဈေးကျဆင်းလာ

မန္တလေး ပဲ၊ နှမ်းဈေးကွက် အတွင်း ဒေသအစုံမှ မိုးမြေပဲများ အသစ်ဝင်ရောက်လာသောကြောင့် ဈေးကျဆင်းလာကြောင်း ပဲကုန် သည်များထံက သိရသည်။

ဩဂုတ်လကုန်ပိုင်း ရက်များ တွင် မန္တလေးဈေးကွက်သို့ မကွေး၊ အောင်လံ၊ ရမည်းသင်း၊ တပ်ကုန်း၊ ကျောက်ပန်းတောင်း ဒေသများမှာ မိုးမြေပဲဆန်အသစ်များ လှိုင်လှိုင် ဝင်ရောက်လာကြောင်း၊ ထိုအသစ် ဝင် မြေပဲဆန်များကို မန္တလေး ဆီစက်ပိုင်များ ဝယ်ယူကြိတ်ဝါး နေမှု ကောင်းနေကြောင်း၊ လက်ရှိ ဝင်ရောက်လာသည့် မြေပဲဆန် အသစ်များမှာ အစိုဓာတ်အနည်း ငယ် ပါရှိနေသေးသောကြောင့် အဝေးတင်ကုန်သည်များ ဝယ်ယူ မှုမရှိသေးကြောင်း မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင် သိန်းပွဲရုံ) ပိုင်ရှင်က ပြောသည်။

"အရင်ရက်တွေ မိုးရွာသွန်းမှု တွေ ကောင်းနေလို့ ဈေးကွက်ထဲ အသစ်ဝင်ရောက်မှု နည်းတာနဲ့ လက်ကျန်နည်းနေတော့ မြေပဲ ဆန်ဈေးကွက်က တစ်ပိဿာ ငွေကျပ် ၁၂၀၀၀ထိ ပေါက်ဈေးရှိ နေတာပါ။ လက်ရှိ လကုန်ပိုင်း ရက်တွေမှာတော့ ဒေသအစုံကနေ အသစ်ဝင်ရောက်မှု များလာတော့ ဈေးကျဆင်းလာတာပါ။ မြေပဲ အသစ်တွေက အစိုဓာတ်လေး လည်း ကျန်နေတော့ အဝေးတင် ကုန်သည်တွေကတော့ သိပ်မဝယ် ချင်ကြဘူး။ မန္တလေးဆီစက်ပိုင် တွေကတော့ အဝင်ရှိသလောက် အဝယ်တော့ ကောင်းနေပါတယ်။ ဒီနေ့မှာတော့ မြေပဲဆန်အသစ် တွေက တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ကျော် ပေါက်ဈေးရှိတာ ကနေ ၈၅၀၀-၉၀၀၀ ပေါက်ဈေး ကို ကျဆင်းသွားပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးပဲဈေးကွက်တွင် ဩဂုတ်လဆန်းပိုင်းမှ စတင်ကာ လက်ကျန်နည်းလာသည့် မြေပဲ ဆန်မှာ ဈေးမြင့်တက်နေသော် လည်း ဩဂုတ်လကုန်ရက်များ တွင် ဈေးစတင်ကျဆင်းလာခြင်း ဖြစ်ကြောင်းသိရသည်။ **ရွှေမန်း**



# အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိမ့်သိမ့်ဝင်း(ဘ)ဦးမြင့်စိုးဦး(၁၃/တကန(နိုင်)၀၀၂၂၃၅) ကိုင်ဆောင်သူသည် ဦးကျော်သန်းဦး(ဘ)ဦးအောင်သန်း(၉/မနတ(နိုင်)၁၀၅၇၄၄)ကိုင်ဆောင်သူနှင့် ၂၀၁၂ခုနှစ် ဩဂုတ်လကတည်းက တရားဝင်ကွာရှင်းခဲ့ပြီး ယနေ့အချိန်ထိ ပြန်လည်ပေါင်းသင်းနေထိုင်ခြင်း မရှိတော့ပါကြောင်း ဦးကျော်သန်းဦး၏ စီးပွားရေး၊ လူမှုရေးများသည်လည်း ကျွန်ုပ်၏မိတ်ဆွေနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေး၊ လူမှုရေးများသည်လည်း ဦးကျော်သန်းဦးနှင့် လုံးဝမသက်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ယခုသတင်းစာကြေညာပါသည့်နေ့မှစ၍ နောက်နောင် ဦးကျော်သန်းဦးမှ ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေး၊ လူမှုရေးများအား နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းများ ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်သန်းဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းဝင်းနိုင်** (LL.B)
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၃၀၃၇၅၃၀**

# အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဇင်ဦး(ခ)နန်းဆုသဇင်(ဘ)ဦးမြင့်ကြည်(၁၂/ကတန(နိုင်)၁၁၆၄၄၂)ကိုင်ဆောင်သူနှင့် ပတ်သက်ပြီး ဆက်သွယ်ရေးကွန်ယက်အသုံးပြု၍လည်းကောင်း၊ အသိမိတ်ဆွေများထံသို့ ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်တွေ့ဆုံပြီးလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်နေပါကြောင်း သိရှိရပြီး ယခုသတင်းစာပါသည့်နေ့မှစ၍ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်ခြင်းမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ယခုသတင်းစာကြေညာသည့်နေ့မှစ၍ နောက်နောင် ကျွန်ုပ်၏မိတ်ဆွေ ဂုဏ်သိက္ခာကျဆင်းအောင် တစ်နည်းနည်းဖြင့် ဆက်လက်ဆောင်ရွက်နေပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းဝင်းနိုင်** (LL.B)
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၃၀၃၇၅၃၀**

# ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ–၂၄)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဆူးတ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးနေသူရိန်မြင့်(ဘ)ဦးရာဆင်၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သက်ဆိုင်ရာရုံးဌာနများတွင် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးနေသူရိန်မြင့်(ဘ)ဦးရာဆင်** | **ဦးသက်ထွန်းဦး** (LL.B) |
| **၁၀/ကမရ(နိုင်)၂၀၅၉၇၇** | **အထက်တန်းရှေ့နေ(စဉ်–၃၈၃၂၈)** |
| **ဖုန်း ၀၉–၄၂၄၄၄၁၂၆၂** | **ဖုန်း ၀၉–၇၉၇၂၅၁၄၅** |

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၇၅)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၀ ဒသမ ၀၉၆၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးချစ်မောင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်၏ ဂရန်မူရင်းမှာ ကျွန်တော် ဦးအောင်အောင်(ဘ)ဦးသန်းမြင့်(ခ)ဦးအာမက်မြား(၉/မဟမ(နိုင်)၀၅၇၁၈၄)၏ လက်ဝယ်တွင် အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်နှင့် သက်ဆိုင်သော ဂရန်မူရင်းကို သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် မိတ္တူမှန်လျှောက်ထားသွားမည်ဖြစ်ပါကြောင်းနှင့် အကယ်၍ တွေ့ရှိပါက ဤကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဂရန်မူရင်းနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်(ဘ)ဦးသန်းမြင့်(ခ)ဦးအာမက်မြား**
**(၉/မဟမ(နိုင်)၀၅၇၁၈၄)**
**အကွက်(၃၉၁)၊ သံလျက်မော်အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

# တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၈၆လမ်း၊ ၈လမ်းတွင် နေထိုင်သော မခင်ခင်သိုက်၏ ဖခင်အမည်မှန်မှာ စီးပွားရေးသိပ္ပံဘွဲ့ လက်မှတ်၊ တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်၊ စီးပွားရေးလုပ်ငန်းစာရင်းကိုင် ဒီပလိုမာလက်မှတ်၊ အိမ်ထောင်စုလူဦးရေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးခင်မောင်သိုက်နှင့် ဦးမောင်သိုက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်သိုက်(ခ)ဦးမောင်သိုက်**
(MWA-007425)

# ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ အလက (၁) Grade-9(B) မှ မသန္တာဝင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးရာဂျေရှ် ဖြစ်ပါသည်။

**ဦးရာဂျေရှ် (၉/မမန(နိုင်)၀၈၅၁၇၃)**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၃၁၂)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဖြူလွန်းချို (ဘ)ဦးဝင်းချို (၉/မရမ(နိုင်)၀၀၃၇၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှဘုန်း** (LL.B) **တရားလွှတ်တော်ရှေ့နေ**

| | | |
|---|---|---|
| **ဦးရဲဝင်း** (LL.B) | **ဦးပြည့်ကိုကို** (LL.B) | **ဒေါ်မြင့်မြင့်အေး** (LL.M) |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ချောစု** (LL.B) | **ဒေါ်မဥ္ဇူ**(LL.B) | |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၃၇၈၆၇**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်နံပါတ်(၇၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးမြစိန်အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သိန်းထွေး(ဘ)ဦးတင်(၉/မရတ(နိုင်)၀၇၂၈၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး**(LL.B,LL.M) | **ဒေါ်အိအိမွန်**(LL.B,LL.M) | |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင်** (LL.M) | **ဒေါ်အေးနန္ဒာထွန်း** (LL.B) | **ဒေါ်မာလာစိုး** (LL.B) | **ဒေါ်ဖူးသန့်မွန်** (LL.B) |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၈၇၇၄၄၈၈၄၄၊ ၀၉–၄၀၂၅၈၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၅)၊ ဦးပိုင်နံပါတ်(၁၄၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ၏ အရှေ့ဘက်ခြမ်း(၁၈×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်လှညွန့်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးငြိမ်းချမ်းကိုကို(ဘ)ဦးကိုကို(၉/မကန(နိုင်)၁၀၂၂၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး**(LL.B,LL.M) | **ဒေါ်အိအိမွန်**(LL.B,LL.M) | |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင်** (LL.M) | **ဒေါ်အေးနန္ဒာထွန်း** (LL.B) | **ဒေါ်မာလာစိုး** (LL.B) | **ဒေါ်ဖူးသန့်မွန်** (LL.B) |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၈၇၇၄၄၈၈၄၄၊ ၀၉–၄၀၂၅၈၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၁၄၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးပေါ်ထွန်းနှင့် ဦးဇော်ဇော်ဝင်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးချို(ဘ)ဦးခင်မောင်အေး(၉/မရတ(နိုင်)၁၂၆၄၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး**(LL.B,LL.M) | **ဒေါ်အိအိမွန်**(LL.B,LL.M) | |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင်** (LL.M) | **ဒေါ်အေးနန္ဒာထွန်း** (LL.B) | **ဒေါ်မာလာစိုး** (LL.B) | **ဒေါ်ဖူးသန့်မွန်** (LL.B) |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၈၇၇၄၄၈၈၄၄၊ ၀၉–၄၀၂၅၈၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အမည်ပြောင်း

(ဘ)ဦးစံထွန်းအောင်၏ သမီး မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမက(၂၁)Grade 5 မှ မမေသွန်းသုခအား မအလင်္ကာခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် Grade 2 မှ မငွေကြယ်စင်သွန်းအား မမင်းပပမေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအလင်္ကာခင်၊ မမင်းပပမေ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ အမှာစကားပြောကြား

## ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများ ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့တာဝန်ကျရာပတ်ဝန်းကျင်ကို ပညာအလင်းရောင်နှင့် လမ်းကြောင်းမှန် ဖော်ဆောင်ပေးနိုင်ရမည်

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန မန္တလေးပညာရေး ဒီဂရီကောလိပ်သို့သွားရောက်၍ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ မန္တလေး ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်နှင့် ဆရာ ဆရာမများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကောလိပ်ရှိ ပညာတန်ဆောင် စုပေါင်းခန်းမ၌နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်က မန္တလေးပညာရေး ဒီဂရီကောလိပ်ဆိုင်ရာ အချက်အလက်များ၊ ပညာသင်ကြားပေးနေမှု အခြေအနေများနှင့် ပညာရေးဆိုင်ရာ အဆောက်အအုံ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မန္တလေးပညာရေး ဒီဂရီကောလိပ်မှ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုအရ မိမိတို့နိုင်ငံ၏ ပညာရေးအားနည်းချက်များကို တွေ့မြင်ရကြောင်း၊ အဆိုပါအားနည်းချက်များကို ပြုပြင်ပြောင်းလဲပြီး လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ကောလိပ်မှ နည်းပြဆရာ ဆရာမများ၊သင်ကြားရေးဝန်ထမ်းများဖြစ်လာမည့် သင်တန်းသား သင်တန်းသူများကို နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍတို့နှင့်ပတ်သက်၍ အနည်းငယ်ပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန်အတွက် ၂၀၁၁ ခုနှစ် မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများနှင့် လက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများအနေဖြင့် နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက်ရသည့် အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်၍ ရသည်များရှိသကဲ့သို့ အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲများရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားချိန်၌ တပ်မတော်အနေဖြင့် အဆိုပါအချိန်တွင် တာဝန်ယူထားသည့် အစိုးရအား ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အကြံပြုခဲ့သော်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်လာခဲ့သည့်အချိန်တွင် အစိုးရအနေဖြင့် ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခက်အခဲများ ရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းကြောင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအချိန်သည် ရွေးကောက်ပွဲပြုလုပ်ရမည့်အချိန်ဖြစ်သဖြင့် ခေတ္တဆိုင်းငံ့ထားရန် တပ်မတော်အနေဖြင့် အကြံပြုခဲ့သော်လည်း အစိုးရမှ လက်မခံဘဲ ဆက်လက်ပြုလုပ်ခဲ့ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ အဆိုပါအချိန်တွင် တာဝန်ယူထားသည့် အစိုးရအနေဖြင့် ၎င်းတို့ပါတီ အနိုင်ရရှိစေရေး ကြိုတင်မဲပေးရာတွင်လည်းကောင်း၊ မဲစာရင်းပြုစုရာတွင်လည်းကောင်း မဲမသမာမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲပြီးဆုံး၍ မဲစာရင်းများ ထုတ်ပြန်ခဲ့ချိန်တွင် မဲစာရင်းများ ကြီးမားစွာ ကွာဟမှုများ ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံရေးပါတီများက တပ်မတော်မှ စိစစ်ပေးနိုင်ရေး တောင်းဆိုမှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းများကို ပြန်လည်စိစစ်ခဲ့ရာ မဲမသမာမှုမှာ ၁၀ သန်းကျော်ခန့်ရှိခဲ့ကြောင်း၊ အဆိုပါ မဲစာရင်းများ မှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများထံသို့ ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် မဲမသမာမှုများဖြင့် ရရှိလာသည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ မဲမသမာမှုများကို လုပ်ဆောင်ရာတွင် NLD ပါတီဗဟိုအမှုဆောင်များနှင့် အချို့ဒေသများတွင် ဝန်ကြီးချုပ်များပင် ပါဝင်သည်ကို တွေ့ရကြောင်း၊ အဆိုပါ မဲမသမာမှုဖြစ်စဉ်မှတစ်ဆင့် ဆူပူဆန္ဒပြမှုများ၊ လူစုလူဝေးဖြင့် အကြမ်းဖက်မှုများ၊ ထိုမှတစ်ဆင့် လက်နက်ကိုင် အကြမ်းဖက်သည့်ဖြစ်စဉ်များအထိ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲမသမာမှုကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်း မပြုလုပ်ဘဲ လက်နက်ကိုင် အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဖြေရှင်းရန် လုပ်ဆောင်လာခြင်းများကြောင့်ပင် ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းကို သုံးသပ်ရမည်ဆိုပါက မိမိတို့နိုင်ငံ၌ ပညာတတ်များ နည်းပါးခြင်းကြောင့်ဖြစ်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးကို မကြည့်ဘဲ လက်နက်ကိုင် အကြမ်းဖက်မှုများဖြင့် နိုင်ငံတော်၏အနာဂတ်ကို ဖျက်ဆီးနေကြခြင်းပင် ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးပညာရေးဒီဂရီကောလိပ် စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

စာမျက်နှာ ၅ သို့